# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၂၅ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၇၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့် (၇၇) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံကျော်အနုပညာရှင်များ၏ ဂီတဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# (၇၇) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲ ကျင်းပ

နေပြည်တော် မတ် ၂၄

၂၀၂၂ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံကျော်အနုပညာရှင်များက ဂီတဖျော်ဖြေပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် သဘင်ဆောင်၌ ကျင်းပပြုလုပ်သည်။

### သီဆိုကပြဖျော်ဖြေ

အဆိုပါဖျော်ဖြေပွဲတွင် နိုင်ငံကျော်အနုပညာရှင်များက မြဝတီတေးဂီတအဖွဲ့နှင့် တွဲဖက်၍ မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများနှင့် ဟာသတစ်ခန်းရပ် ပြဇာတ်တို့ဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

### ကြည့်ရှုအားပေး

ဖျော်ဖြေပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် သီဆို၊ ကပြ ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ယနေ့ ဖတ်စရာ



မုန်တိုင်းအန္တရာယ် ကင်းရှင်းပြီဖြစ်၍ အိမ်မဲမြို့နယ်၌ ရေယာဉ်များ၊ ပြည်သူများ ပုံမှန်သွားလာလျက်ရှိ

ပြည်တွင်းသတင်း | စာ - ၄

MYANCOPHARM ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)၌ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပြီ

တွေ့ဆုံမေးမြန်း | စာ - ၆





မြောက်ကိုရီးယား ယခုနှစ်အတွင်း (၁၁) ကြိမ်မြောက် ဒုံးကျည် စမ်းသပ်ပစ်လွှတ်

နိုင်ငံတကာသတင်း | စာ - ၁၃

# မြန်မာနှစ်ဆန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း

မြန်မာနှစ်ဆန်းတစ်ရက်နေ့ (၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်) တွင် ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ် ပြသသွားတော့မည်ဆိုသော သတင်းက ရုပ်ရှင်ချစ်ပရိသတ်များနှင့် ရုပ်ရှင်လောကသား အားလုံးတို့အတွက် မင်္ဂလာသတင်းပင်ဖြစ်သည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် နိုင်ငံရေးအပြောင်းအလဲတို့တွင် လုပ်ငန်းများ ရပ်တန့်သွားခဲ့ရသည့် မြန်မာ့ရုပ်ရှင်မှာ ဒဏ်ရာအနာတရများစွာနှင့် အထိနာခဲ့ရသည်။ ရုပ်ရှင်ထုတ်လုပ်မှုလုပ်ငန်း (Film Industry) ၏ အလွှာအသီးသီးတွင် အသက်မွေးဝမ်းကျောင်းပြုနေသူများနှင့် ၎င်းတို့ကို မှီခိုနေသူမိသားစုများ များစွာရှိကြရာ ရုပ်ရှင်လုပ်ငန်းကြီးတစ်ခုလုံး ရပ်တန့်သွားခဲ့ရသည့် အချိန်ကြာမြင့်လာသည်နှင့်အမျှ စားဝတ်နေရေးအတွက် အခက်အခဲများစွာဖြစ်ပေါ်နေကြကြောင်းကိုလည်း စိတ်မကောင်းစွာကြားသိနေကြရသည်။

မြန်မာနိုင်ငံတွင် မြန်မာ့ရုပ်ရှင် ရိုက်ကူးထုတ်လုပ်မှုကို ၁၉၂၀ ပြည့်နှစ်တွင် စတင်ခဲ့ရာ နှစ်ပေါင်း ၁၀၂ နှစ် ရှိပြီဖြစ်သော်လည်း နိုင်ငံခြားမှ တင်သွင်းလာသည့် ရုပ်ရှင်များကို ပြသသည့်လုပ်ငန်းများမှာမူ ယင်းထက်စောသည်။ သက်တမ်း နှစ်ပေါင်းရာကျော်ခဲ့ပြီဖြစ်သည့် မြန်မာ့ရုပ်ရှင် ရိုက်ကူးထုတ်လုပ်သည့် လုပ်ငန်းနှင့် ရုံတင်ပြသသည့် လုပ်ငန်းတို့မှာ လက်ရှိအခြေအနေထက် များစွာဖွံ့ဖြိုးတိုးတက်မြင့်မားနေသင့်သော်လည်း အကြောင်းအမျိုးမျိုးဖြင့် ဖွံ့ဖြိုးခွင့်မရခဲ့။ မြန်မာ့အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင် ရုပ်ရှင်လုပ်ငန်းများ စဉ်ဆက်မပြတ် အောင်မြင်ခဲ့ရာ ယခုအခါ ကမ္ဘာပေါ်တွင် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှု အများဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရန်မှာ ခေတ်မီနည်းပညာ၊ စက်ကိရိယာ၊ ရင်းနှီးမြှုပ်နှံမှုများကို ပံ့ပိုးကူညီပေးပြီး ပြည်ပဈေးကွက်သို့ပါ နိုင်ငံတကာအဆင့်အတန်းမီမီ တင်ပို့နိုင်ရန် လိုအပ်သည်။ လက်ရှိ ပြည်တွင်းဈေးကွက်များကိုသာ ရည်ရွယ်ပြီး ရိုက်ကူးထုတ်လုပ်နေပါက ဖွံ့ဖြိုးမှုအားဖြင့်လည်း အကန့်အသတ် ရှိနေမည်ဖြစ်သည်။

“ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ တိုင်းပြည်လူမျိုးတို့၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများကို နိုင်ငံတကာသို့ အနုပညာနှင့် ထိုးဖောက်ဝင်ရောက်မှုသည် အောင်မြင်သည့် နည်းလမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယနေ့ နိုင်ငံတကာရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးပြသမှု ရုပ်သံဇာတ်လမ်းတွဲများတွင် ပါရှိသည့် ဖော်ပြချက်များအရ ငြင်းပယ်၍မရသည့် အချက်ဖြစ်ပါကြောင်း” ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရုပ်ရှင်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ပြသရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့ရာ ရုပ်ရှင်လောကသားတို့ အားထုတ်ကြိုးပမ်းကြရမည့် အချက်ပင်ဖြစ်သည်။ ရုပ်ရှင်သည် Soft power ခေါ် သိမ်မွေ့သော စွမ်းအားရှိသည့် မီဒီယာတစ်ခုဖြစ်သည့်အလျောက် ကမ္ဘာ့အင်အားကြီးနိုင်ငံတို့က ကောင်းစွာအသုံးချလေ့ရှိသည်။ Korean Wave ဟုခေါ်သော K-pop နှင့် K-drama တို့၏ ကမ္ဘာတစ်ခွင်အောင်မြင်မှုကြောင့် ကိုရီးယား၏ ယဉ်ကျေးမှု စရိုက်လက္ခဏာတို့ကို ကမ္ဘာက သိခဲ့သလို ကိုရီးယားအတွက်လည်း ဝင်ငွေရရှိသည့်အတွက် အကျိုးအမြတ်နှစ်ခုရရှိခြင်းပင်ဖြစ်သည်။ ယင်းသို့အောင်မြင်မှု ရရှိနိုင်ရန်အတွက် နိုင်ငံတော်အဆင့်ဖြင့် ပံ့ပိုးကူညီအားပေးမြှင့်တင်ပေးခဲ့သလို ကုမ္ပဏီများနှင့် အနုပညာလောကအသိုင်းအဝိုင်းတို့ကလည်း များစွာအားထုတ်ကြိုးပမ်းခဲ့ကြရခြင်းဖြစ်သည်ဟုလည်း သိရသည်။

မြန်မာနှစ်သစ်နှင့်အတူ မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြန်လည်သက်ဝင်နိုးထလာခြင်းက အနာဂတ်အတွက် ခြေလှမ်းသစ်တစ်ခု စတင်ခြင်းဖြစ်ပြီး ထိခိုက်ခဲ့ရသည်တို့ကို ပြန်လည်ကုစားကာ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်ကြရမည်ဖြစ်သည်။ အနုပညာသည် နိုင်ငံနှင့် ပြည်သူအတွက်၊ အနုပညာသည် အနုပညာအတွက်ဟူသော ယုံကြည်ချက်၊ ခံယူချက်များဖြင့် မြန်မာ့ရုပ်ရှင်လောကကို လှသည်ထက်လှအောင် ဖန်တီးတည်ဆောက်နိုင်ကြပါစေကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ကြောင်းကြီးများအား မိဘပြည်သူများ လာရောက်ဂုဏ်ပြုနိုင်

(၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအား တန်းစီကွင်းမှ စစ်ရေးပြကွင်းသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် ဂုဏ်ပြုပန်းစည်း ကမ်းလိုသူ မိဘပြည်သူများအနေဖြင့် တယ်လီဖုန်းဖြင့် ကြိုတင်စာရင်း ပေးသွင်းထားနိုင်ပြီး မတ်လ(၂၄)၊ (၂၅) ရက်နေ့များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) ရောင်စုံလိုင်စင်ဓာတ်ပုံ (၂)ပုံတို့နှင့်အတူ လုံခြုံရေးဝင်ခွင့်ကတ်များကို လူကိုယ်တိုင် (လူကိုယ်တိုင်) လာရောက်ထုတ်ယူကာ ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

လုံခြုံရေးဆပ်ကော်မတီ
(နေပြည်တော်တိုင်းစစ်ဌာနချုပ်)
နေပြည်တော်
ဖုန်း၊၀၃၂-၃၀၀၀၉

## ပြည်တက္ကသိုလ်၌ ဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကျင်းပ



ပြည် မတ် ၂၄

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ်၌ ယနေ့ နံနက် ၁၀ နာရီက ဥပဒေဆိုင်ရာ အသိပညာပေး ဆွေးနွေး ဟောပြောပွဲ ကျင်းပသည်။ (ယာပုံ)

ရှေးဦးစွာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး ပြည်ခရိုင်ဥပဒေအရာရှိ ဒေါ်သန္တာအောင်က အကြမ်းဖက် တိုက်ဖျက်ရေးဥပဒေနှင့် ရာဇသတ်ကြီးဥပဒေဆိုင်ရာ အကြောင်းအရာများကို လည်းကောင်း၊ ပြည်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဇော်ဝင်းက မူခင်းကျဆင်းရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်ရွှေဝါဖူးက သတင်းအမှား၊ အမှန် စိစစ်ပိုင်းခြားခြင်းဆိုင်ရာ အကြောင်းအရာများကို လည်းကောင်း အသိပညာပေး ဆွေးနွေး ဟောပြောသည်။

အဆိုပါ အသိပညာပေး ဆွေးနွေးဟောပြောပွဲသို့ ပြည်တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မတ် ၂၄** - မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ စဉ့်ကိုင်မြို့တွင် ၄ ဒသမ ၃၈လက်မ၊ ရွှေစာရံမြို့တွင် ၃ ဒသမ ၉၀လက်မ၊ ကျောက်ပန်းတောင်းမြို့တွင် ၃ ဒသမ ၂၈လက်မ၊ မြစ်ငယ်မြို့တွင် ၂ ဒသမ ၉၅လက်မ၊ တံတားဦး (လေကြောင်းမိုးလေဝသ) တွင် ၂ ဒသမ ၉၁လက်မ၊ ကျောက်ဆည်မြို့တွင် ၂ ဒသမ ၇၂လက်မ၊ တောင်သာမြို့တွင် ၂ ဒသမ ၆၀လက်မ၊ မိုးမိတ် (မြစ်ဆုံ) တွင် ၂ ဒသမ ၅၂လက်မ၊ သာစည်မြို့တွင် ၂ ဒသမ ၄၈လက်မ၊ မလှိုင်မြို့တွင် ၂ ဒသမ ၄၅လက်မ၊ အမရပူရမြို့တွင် ၂ ဒသမ ၁၆လက်မ၊ ပြင်ဦးလွင်မြို့နှင့် ချောင်းဆုံမြို့တို့တွင် ၂ ဒသမ ၀၅လက်မစီ၊ မိုးမိတ်မြို့နှင့် မြင်းခြံမြို့တို့တွင် ၁ ဒသမ ၉၇ လက်မစီ၊ လှိုင်းတက်၊ ကျောက်ဆည်(လွန်ကျော်)နှင့် ပေါက်မြို့တို့တွင် ၁ ဒသမ ၉၃ လက်မစီနှင့် မြစ်သားမြို့တွင် ၁ ဒသမ ၈၉ လက်မ တို့ဖြစ်ကြသည်။

**မိုး/ဇလ**

# (၇၇) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီ - မောတောင်လမ်းပေါ်ရှိ ဇောဓိကမ်းတံတား ဖွင့်ပွဲကျင်းပ

မြိတ် မတ် ၂၄

(၇၇) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် တနင်္သာရီ-မောတောင် လမ်းပေါ်ရှိ အရှည်ပေ ၇၈၇ ပေရှိ ဇောဓိကမ်းတံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ တံတား၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာ အောင်ကြီး၊ တနင်္သာရီတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ၊ တိုင်း/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံ ပြည်သူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း (၇၇) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီ-မောတောင် လမ်းပေါ်ရှိ အရှည်ပေ ၇၈၇ ပေရှိ ဇောဓိကမ်းတံတားဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## များစွာအကျိုးကျေးဇူးများရရှိ

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက တနင်္သာရီတိုင်းဒေသကြီးအတွင်း ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရန်၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေရန် ရည်ရွယ်ပြီး ရန်ကုန်တိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့ကို ဆက်သွယ်ပေးလျက်ရှိသည့် ဘုရားကြီး-မော်လမြိုင်-မြိတ် - ဘုတ်ပြင်း - ကော့သောင်းလမ်း (အာဆီယံ လမ်းမကြီးအမှတ်-၁၁၂)ကို အာဆီယံလမ်းမကြီး များ၏ လမ်းအဆင့်အတန်း သတ်မှတ်ချက်များနှင့် အညီ ရာနှုန်းပြည့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြင့် မဟာမဲခေါင်ဒေသ စီးပွားရေး စင်္ကြံလမ်းမကြီးများနှင့် ချိတ်ဆက်ပြီး အာဆီယံဒေသတွင်း ကုန်စည်စီးဆင်းမှု လွယ်ကူ လျင်မြန်စေခြင်း၊ ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်း စသည့် ဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီးတွင် အကောင်အထည် ဖော်မည့် ထားဝယ်စီးပွားရေး အထူးဇုန်သည် မြန်မာနိုင်ငံ၏ အကြီးဆုံး အထူးစီးပွားရေးဇုန် တစ်ခု ဖြစ်ပြီး ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့နှင့် ပင်လယ်ရေကြောင်းလမ်း၊ ရထားလမ်း၊ ကားလမ်းတို့ ဖြင့် ချိတ်ဆက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်ငြိမ်းချမ်းသာယာစေရန်၊ နိုင်ငံသူ နိုင်ငံသား များ၏ဘဝ ချမ်းမြေ့ပျော်ရွှင်စေရန် နိုင်ငံတော်အစိုးရ အနေဖြင့် ကောင်းမွန်သော ရည်မှန်းချက်၊ ဦးတည် ချက်များကို ကြိုးပမ်းပုံဖော်လျက်ရှိကြောင်း၊ တိုင်းရင်းသားညီအစ်ကိုများကလည်း နိုင်ငံတော် အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဒီမိုကရေစီ နှင့် ဖက်ဒရယ်ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး စသည့် လုပ်ငန်းစဉ်များအပေါ် ပိုမိုပူးပေါင်းဆောင်ရွက်ပေး ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး နှင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို တို့က တံတားတည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

## ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ဇောဓိ ကမ်းတံတား ဖွင့်လှစ်ပေးသည့်အတွက် နိုင်ငံတော် အစိုးရကို ကျေးဇူးတင်ရှိကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဇောဓိကမ်းတံတားကို ပြည်ထောင်စု ဝန်ကြီး ဦးရွှေလေး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဇောဓိကမ်းတံတား ကမွည်း မော်ကွန်းကျောက်စာတိုင်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း က စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးပြီး တံတားအား ဖြတ်သန်းကြည့်ရှုသည်။

ဇောဓိကမ်းတံတားသည် တနင်္သာရီတိုင်းဒေသ ကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် တနင်္သာရီ-မောတောင်လမ်းပေါ်ရှိ ငဝန်ချောင်းပေါ်တွင် တည် ဆောက်ထားပြီး တံတားအရှည်ပေ ၇၈၇ ပေ၊ R.C Concrete အမျိုးစားဖြစ်သည်။ တံတား၏ Foundation အပိုင်းကို Bored Pile Foundation ဖြင့် တည် ဆောက်ပြီး Super Structure အပိုင်းကို P.C Girder & R.C Slab တို့ဖြင့် တည်ဆောက်ထားကာ တံတား ၏ ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် အဖွဲ့သည် ဘုတ်ပြင်းမြို့သို့ရောက်ရှိပြီး တောင်ဒဂုံ ဆီအုန်း စိုက်ပျိုးရေးစီမံကိန်းဆီကြိတ်စက်ရုံကို သွား ရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်း ဒါရိုက်တာ ဦးမောင်မောင်လတ်က ဆီသီးခိုင်များ ကြိတ်ခွဲ၍ ဆီကြိတ်များ ထုတ်လုပ်နေမှုကို လိုက်လံရှင်းလင်း ပြသသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် အဖွဲ့အား ဘုတ်ပြင်းမြို့နယ် အတွင်းရှိ ဆီအုန်းစိုက်ပျိုး ထုတ်လုပ်မှု ကုမ္ပဏီများမှ သက်ဆိုင်ရာ တာဝန်ရှိသူ များက အဆိုပါ စက်ရုံရှိ ရိပ်သာ၌ ဆီအုန်းပင်များ စိုက်ပျိုးမှု အခြေအနေ၊ ဆီကြိတ်ထုတ်လုပ်မှု အခြေ အနေနှင့် စက်ရုံလည်ပတ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## လိုက်လံကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဆီအုန်းပင်များ စိုက်ပျိုးထားရှိမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ ဘုတ်ပြင်းမြို့နယ်ရှိ ဆီအုန်းပင်များ စိုက်ပျိုးထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ညမထွက်ရအမိန့်အား အချိန်ပြောင်းလဲပြင်ဆင်ထုတ်ပြန်

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုရှိပြီး တရားဥပဒေစိုးမိုးမှုရှိလာပြီဖြစ်သည့် အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုလည်း လျော့ကျလာပြီဖြစ်၍ ယခင်ထုတ်ပြန်ထားသည့် ညမထွက်ရအမိန့်အား ည (၁၀) နာရီမှ နံနက် (၄) နာရီအတွင်းအစား ၂၂-၃-၂၀၂၂ ရက်နေ့မှစ၍ ည (၁၂) နာရီမှ နံနက် (၄) နာရီအထိ အချိန်ပြောင်းလဲပြင်ဆင်ထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

# မုံရွာစီးပွားရေးတက္ကသိုလ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

မုံရွာ မတ် ၂၄

မုံရွာစီးပွားရေးတက္ကသိုလ် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းကို မုံရွာစီးပွားရေးတက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာ သီတာကြူက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တိုင်းမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဦးက အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်နှင့် မီးသတ် တပ်ဖွဲ့ဝင်များက ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြလေ့ကျင့်ပေး ခဲ့ကြောင်း သိရသည်။

ယွန်း(မုံရွာ၊ကိုယ်ပွား)

# မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဖက်အစိုးရ - ပုဂ္ဂလိကတာဝန်ရှိသူများ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၂၄**

မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU)တို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ နှစ်ဖက်အစိုးရအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့က ဦးဆောင်၍ နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။ **(ယာပုံ)**




### မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်

ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးသမဂ္ဂတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum of Cooperation) အား လက်မှတ်ရေးထိုးနိုင်ရေးကို ဆွေးနွေးဆောင်ရွက်နေကြောင်း၊ အဆိုပါ ပူးပေါင်း ဆောင်ရွက်မှုစာချွန်လွှာတွင် နှစ်ဖက်အပြန်အလှန်အကျိုးရှိမည့် စီးပွားရေးနယ်ပယ်ကဏ္ဍများအား ရွေးချယ်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ EAEU အဖွဲ့ဝင်နိုင်ငံများအနက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတို့နှင့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေး စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင်လည်း မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ အလွန် မြန်မာနိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရေး ချမှတ်ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် တိုးတက်ကောင်းမွန်စေရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ ဓာတ်မြေ သြဇာထုတ်လုပ်ရေး ကဏ္ဍ၊ စားသုံးဆီထုတ်လုပ်ရေး ကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရန်နှင့် မြန်မာ့ပို့ကုန်များကို ဥရောပအာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ မြန်မာနိုင်ငံမှ လိုအပ်သည့် ဓာတ်မြေသြဇာများ၊ ရေနံထွက်ပစ္စည်းများနှင့် လယ်ယာသုံးစက်ကိရိယာများ တင်သွင်းရေးကိစ္စများကို ပိုမိုပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

ထို့နောက် ဥရောပအာရှစီးပွားရေးကော်မရှင် (Eurasian Economic Commission-EEC)၊ အကြီးစား စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး အတွင်းရေးမှူးချုပ်ရုံးမှ အကြီးအကဲ Mr. Andrey DIANSKY နှင့် မြန်မာ - ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဗိုလ်မှူးချုပ် အောင်သော်(ငြိမ်း)တို့က ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် အလားအလာများကို ဆွေးနွေးကြသည်။

### အဓိကပူးပေါင်းဆောင်ရွက်လိုသည့်လုပ်ငန်းစီမံကိန်း

ဆက်လက်၍ အဓိကပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍများဖြစ်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်နှင့်စွမ်းအင်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ သတ္တုကဏ္ဍ၊ အခြေခံအဆောက်အအုံ၊ သတင်းအချက်အလက်နှင့် ပို့ဆောင်ဆက်သွယ်ရေးနည်းပညာ၊ စက်မှုကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင် (Eurasian Economic Commission-EEC)၊ အကြီးစား စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး အတွင်းရေးမှူးချုပ်ရုံးအကြီးအကဲတို့က ဦးဆောင်၍ နှစ်ဖက်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ ဘက်မှ စီးပွားရေးကဏ္ဍအလိုက် အစိုးရနှင့် ပုဂ္ဂလိကတာဝန်ရှိသူများက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့် အခွင့်အလမ်းများ၊ ကဏ္ဍအလိုက် အဓိက ပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းစီမံကိန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ EAEU ဘက်မှ တက်ရောက်လာသည့် လုပ်ငန်းရှင်များကလည်း နှစ်ဖက်အပြန်အလှန် ပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ် များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ EAEU အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက် လျက်ရှိသည့် စီးပွားရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဥရောပအာရှစီးပွားရေးကော်မရှင်ဘက်မှ သက်ဆိုင်ရာ တာဝန်ရှိအကြီးအကဲများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်သည်။

ညပိုင်းတွင် ဆွေးနွေးပွဲတက်ရောက်လာသည့် ဥရောပအာရှစီးပွားရေးသမဂ္ဂ (EAEU)နှင့် မြန်မာဘက်မှ ကိုယ်စားလှယ်များကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သနပ်ပင်မြို့နှင့် ကဝမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**သနပ်ပင် မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မတ် ၂၃ ရက် မွန်းလွဲပိုင်းက သနပ်ပင်မြို့ မြို့တွင်း လမ်းဘေး (ဝဲ/ယာ) ရေနုတ်မြောင်းနှင့် Boxculvert ပြုလုပ်နေမှုကို လည်းကောင်း၊ အခြေခံပညာ အထက်တန်းကျောင်း (သနပ်ပင်)၌ အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း စာမေးပွဲ ဖြေဆိုနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူး-သနပ်ပင်-ခရမ်း-သံလျင် လမ်းပေါ်ရှိ သနပ်ပင်မြို့တွင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး ပြီး တံတားချဉ်းကပ်လမ်းများ တစ်ပါတည်းပြီးစီးစေရေးနှင့် တံတားချဉ်းကပ်ခုံများ ရေတိုက်စားမှု ကာကွယ်နိုင်ရေး စနစ်တကျ တည်ဆောက်သွားရန် မှာကြားပြီး မုဒုတံတားနှင့် သက္ကလတံတား တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကဝမြို့နယ် သက္ကလမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံပြီး မြို့အင်္ဂါရပ်ညီညွတ်စေရန် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သက္ကလ (၁၆) ကုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအားပေးကာ ဆေးရုံ အတွက် လိုအပ်သော လေးခန်းတွဲ ရေချိုးခန်းအိမ်သာပါ အဆောင်နှစ်ခုအား ဆောက်လုပ်ခြင်းနှင့် ဆေးရုံဥပဓိရုပ် ကောင်းမွန်စေရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ကဝမြို့အဝင် သံဘေလီတံတားကို ကြည့်ရှုစစ်ဆေးပြီး ပဲခူးမြစ်ကမ်းပါး တစ်လျှောက် နွေစပါးနှင့် စားဖိုဆောင်သုံး (ဟင်းသီးဟင်းရွက်) စိုက်ခင်းများ စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုန်တိုင်းအန္တရာယ် ကင်းရှင်းပြီဖြစ်၍ အိမ်မဲမြို့နယ်၌ ရေယာဉ်များ၊ ပြည်သူများ ပုံမှန်သွားလာလျက်ရှိ

**အိမ်မဲ မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ မုန်တိုင်းအန္တရာယ်ကင်းရှင်းပြီး ယနေ့နံနက်ပိုင်းကစတင်၍ မော်တော်ရေယာဉ်များ၊ ပြည်သူများ ပုံမှန်သွားလာလျက်ရှိသည်။

"အိမ်မဲမြို့နယ်မှာ ကျေးရွာအသီးသီးကနေမြို့ပေါ်ကို လိုင်းပြေးတဲ့ သင်္ဘောအစင်း ၂၀ ကျော်ရှိပါတယ်။ မတ် ၂၂ ရက်က မုန်တိုင်းအန္တရာယ်ဖြစ်မှာစိုးတဲ့အတွက် လိုင်းတွေကို ခဏရပ်နားထားခိုင်းတာဖြစ်ပါတယ်။ ယခုအချိန်မှာ မုန်တိုင်းအန္တရာယ်ကင်းရှင်းသွားပြီဖြစ်တဲ့အတွက် ပုံမှန်လိုင်းတွေပြန်ထွက်နေပါပြီ" ဟု မြို့နယ်ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကိုဇော်မြတ်မိုးက ပြောကြားသည်။

အိမ်မဲမြို့နယ် ပျံကျဈေး၊မြို့မဈေးကြီးတို့တွင်ဈေးသူ ဈေးသားများ ဈေးဝယ်ကြသူများ၊ ခရီးသွားပြည်သူများ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး ဥရောပ-အာရှ စီးပွားရေးကော်မရှင်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော်   မတ်   ၂၄

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဥရောပ-အာရှ စီးပွားရေးကော်မရှင်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်အဖွဲ့ဝင်နိုင်ငံများအကြား ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းဆိုင်ရာကိစ္စ၊ ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်/ဖြန့်ဖြူးရေးဆိုင်ရာကိစ္စနှင့် နေရောင်ခြည်စွမ်းအင်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များတွင် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ကျန်းမာရေးဝန်ကြီးဌာန၏ သစ်လွင်သားဖွား ခန့်အပ်တာဝန်ပေးအပ်ခြင်း အခမ်းအနားကျင်းပ စုစုပေါင်း ၅၃ ကျောင်းတို့မှ ယနေ့အထိ သူနာပြု/သားဖွား စုစုပေါင်း ၄၁၄၄၂ ဦး မွေးထုတ်ခဲ့

နေပြည်တော်   မတ်   ၂၄

**ကျန်းမာရေးဝန်ကြီးဌာန၏ သစ်လွင်သားဖွား ခန့်အပ်တာဝန်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင်နေထိုင်ပြီး ၎င်းတို့အတွက် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှေ့တန်းမှ အနီးကပ်တာဝန်ယူဆောင်ရွက်ကြမည့် သစ်လွင်သားဖွားများအား ခန့်အပ်တာဝန်ပေးအပ်သည့် အခမ်းအနားဖြစ်ကြောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် မွေးထုတ်မှု၊ အသုံးချမှု၊ နေရာချထားမှု၊ စီမံခန့်ခွဲမှုများကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ လုံလောက်စွာမွေးထုတ်နိုင်ရန် ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆရာဝန်များ၊ သူနာပြုဆရာ/ဆရာမများ၊ အမျိုးသမီးကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ နှစ်စဉ်လေ့ကျင့် မွေးထုတ်လျက်ရှိရာ လက်ရှိ ကမ္ဘာ့ကပ်ရောဂါအခြေအနေကြောင့် လေ့ကျင့်မွေးထုတ်မှုနှောင့်နှေးစေခဲ့သော်လည်း ဝန်ကြီးဌာနအောက်ရှိ သူနာပြုတက္ကသိုလ် နှစ်ခု၊ သူနာပြုသင်တန်းကျောင်း ၂၇ ကျောင်း၊ သားဖွားသင်တန်းကျောင်း ၂၃ ကျောင်း၊ နီးနွှယ်သင်တန်းကျောင်း သုံးကျောင်း စုစုပေါင်း ၅၃ ကျောင်းတို့မှ ယနေ့အထိ သူနာပြု/သားဖွား စုစုပေါင်း ၄၁၄၄၂ ဦး မွေးထုတ်ခဲ့ပါကြောင်း၊ မတ် ၁ ရက်တွင် သစ်လွင်သူနာပြု ၆၈၄ ဦးကို ခန့်အပ်ပေးခဲ့ပါကြောင်း၊ ယခု သားဖွားသင်တန်းကျောင်း ငါးကျောင်းမှ သားဖွားသင်တန်းတက်ရောက်အောင်မြင်သူ ၁၆၅ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် သစ်လွင်သားဖွား ၁၄၈ ဦး ခန့်ထားပေးမည် ဖြစ်ပါကြောင်း။




သင်တန်းဆင်း သစ်လွင်သားဖွားများအနေဖြင့် လုပ်ငန်းခွင်ဝင်ရောက်ချိန်တွင် အရည်အသွေးပြည့်ဝပြီး ကျင့်ဝတ်နှင့်ညီသော သားဖွားဆရာမများအဖြစ် မိမိတို့ သင်တန်းတက်စဉ်တစ်လျှောက်လုံး နေ့စဉ်ရွတ်ဆိုခဲ့သော သူနာပြုသားဖွား သစ္စာအဓိဋ္ဌာန်နှင့်အညီ လိုက်နာရမည့်ကျင့်ဝတ်များကို စောင့်ထိန်းပြီး ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိအသက်ကို ပဓာနမထားဘဲ ကိုယ်ကျိုးစွန့်ပြီး မီးလောင်နေသောလူနာကို ကာကွယ်ပြုစု စောင့်ရှောက်ပေးခဲ့သောကြောင့် ဖလောရင့်စ်နိုက်တင်ဂေးလ်ဆု ချီးမြှင့်ခံရသည့် မြန်မာနိုင်ငံမှ သားဖွားဆရာမ ဒေါ်သိန်းရီလို စိတ်ဓာတ်မျိုးကို မွေးမြူနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ထမ်းဆောင်နေသော သားဖွားဆရာမများကို ဝတ်စုံစရိတ်၊ စားစရိတ်များနှင့် ညတာဝန်ကျစရိတ်များ တိုးမြှင့်ပေးခဲ့ပြီး ဝန်ထမ်းအိမ်ရာတွဲဖက်ပါရှိသည့် စံကိုက်ကျေးလက်ကျန်းမာရေးဌာနများနှင့် ဌာနခွဲများကို နှစ်စဉ်တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကာ ကျန်းမာရေးဝန်ကြီးဌာန၏ ဝန်ထမ်းများ စိတ်ချမ်းသာစွာ တာဝန်ထမ်းဆောင်နိုင်ရန် ဝန်ထမ်းအိမ်ရာများ နိုင်ငံတော်အစိုးရမှ ထပ်မံဖြည့်ဆည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်တွင် မိခင်ကလေး ကျန်းမာရေးဌာန ၃၄၈ ခု၊ ဒေသန္တရကျန်းမာရေးဌာန ၉၈ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၉၀၄ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၉၀၇၇ ခုတို့တွင် ယခု သင်တန်းဆင်းအောင်မြင်သူ ၁၄၈ ဦးနှင့် စုစုပေါင်း ၁၃၃၇၂ ဦးတို့ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက သစ်လွင်သားဖွားများကို ခန့်အပ်လွှာပေးအပ်ပြီး **(အပေါ်ဝဲပုံ)** သစ်လွင်သားဖွားတစ်ဦးဖြစ်သည့် မလင်းလက်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး သစ်လွင်သားဖွားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ်၊ (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပုံများ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်   မတ်   ၂၄**

၂၀၂၂ ခုနှစ်၊ (၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပုံများကို မတ်လ ၂၇ ရက် နံနက် ၅ နာရီအချိန်မှစ၍ MWD Channel ၊ MWD Variety Channel နှင့် MRTV Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

**သတင်းစဉ်**

## သတိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအား ၂၇-၃-၂၀၂၂ ရက်နေ့တွင်ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် ရန်ကုန်-မန္တလေးလမ်းဟောင်း ၊ ပျဉ်းမနားမြို့နယ်၊ ဘောဂသီရိ မီးပွိုင့်မှ ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုအား နံနက် (၀၀:၀၅) အချိန်မှ (၁၀:၀၀) အချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်မည်ဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများအနေဖြင့် ၎င်းနေ့တွင် နေပြည်တော်-ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံမီးပွိုင့်မှ နိဗ္ဗာန်လမ်း(မြို့ပတ်လမ်း)အတိုင်း ခွာညိုပန်းအဝိုင်းအထိ၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း၊ ကုမုဒြာကြာပန်းအဝိုင်းအထိ၊ ရာဇဌာနီလမ်းအတိုင်း ပျဉ်းမနားမြို့နယ်၊ ပန်းခင်းလမ်းမီးပွိုင့်-ဘောဂသီရိ မီးပွိုင့်မှတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းဟောင်းမှ လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော်   မတ်   ၂၄**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# MYANCOPHARM ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)၌ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပြီ

*တွေ့ဆုံမေးမြန်း- ညိမ်းသူ၊ ဓာတ်ပုံ-ကနူး (သတင်းစဉ်)*

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပုလင်းသွင်းဖြည့်တင်းနိုင်ခြင်း အောင်မြင်မှုအသီးအပွင့်အဖြစ် ကာကွယ်ဆေးစတင်ထုတ်လုပ်မှုနှင့် မိတ်ဆက်ခြင်းအခမ်းအနားကို မတ် ၂၃ ရက်တွင် မင်္ဂလာရှိစွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ Sinopharm ကာကွယ်ဆေး ပုလင်းသွင်းဖြည့်တင်းခြင်း(Full-Finish) ကို အာဆီယံနိုင်ငံများတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ငါးနိုင်ငံမှ ဆောင်ရွက်နိုင်ခဲ့ပြီး စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် MYANCOPHARM ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစတင်ထုတ်လုပ်နိုင်မှုသည် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ပေါ်ထွန်းခဲ့ပြီဖြစ်ရာ မြန်မာ့ဆေးလောက၏ ရွှေရောင်လွှမ်းသော နေ့တစ်နေ့အဖြစ် ကမ္ပည်းတင်ကျန်ရစ်တော့မည်ဖြစ်သည်။**

MYANCOPHARM ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး လုပ်ငန်းစီမံချက်ကို အဆင့်(၁၂)ဆင့်ဖြင့် အသေးစိတ်လုပ်ငန်း အစီအစဉ်များချမှတ်၍ ဆေးဝါးစက်ရုံ (အင်းစိန်)၏ကြီးကြပ်မှုအောက်ရှိ ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး) တွင် ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ရာ ထိုသို့ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများ၏ကိုယ်စား ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)မှ တာဝန်ခံတို့၏ စကားသံအချို့ကို ဖော်ပြလိုက်ပါသည်။



ဒေါ်အိအိဝင်း
(ကုန်ထုတ်ဌာန- ဌာနမှူး)



ဒေါ်ငြိမ်းငြိမ်း
(အရည်အသွေးအာမခံဌာန - ဌာနမှူး)

### ဒေါ်အိအိဝင်း
### (ကုန်ထုတ်ဌာန- ဌာနမှူး)

ဆေးဝါးစက်ရုံ (ရွာသာကြီး)ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထုတ်လုပ်ဖို့အတွက် Sinopharm China National Biotec Group က ပညာရှင်တွေ ရောက်ရှိပြီး ကာကွယ်ဆေးထုတ်လုပ်နိုင်တဲ့ အခြေအနေ ရှိ/မရှိ ကို လေ့လာခဲ့ပါတယ်။ ထုတ်လုပ်နိုင်တဲ့ အခြေအနေရှိတဲ့အတွက် ပထမဦးဆုံးအနေနဲ့ လိုအပ်တဲ့ Media Fill ဆောင်ရွက်ချက်တွေ လုပ်ဆောင်ခဲ့ပြီး သုံးပတ်ကြာတဲ့အခါ အောင်မြင်ခဲ့တဲ့အတွက် လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပြီး မတ်လမှာ ကာကွယ်ဆေးကို ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ကျွန်မတို့ ကုန်ထုတ်ဌာနအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို Ready to Fill Bulk အနေနဲ့ ဝယ်ယူပြီး ထုတ်လုပ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinopharm CNBG က ဆေးရည်ဖျော်စပ်ပြီးသားကို ဆေးရည်ဖြည့်တင်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်တာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ပထမဆုံး ဆေးရည်ဖြည့်တင်းမယ့် ပစ္စည်းတွေကို Ultrafonic Machine နဲ့ ဆေးရပါတယ်။ ဆေးကြောပြီးတဲ့အခါမှာ အပူချိန် (310 ·C) နဲ့ Depyrodenacion ပိုးသတ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ရပါတယ်။ ပိုးသတ်သန့်စင်ပြီးသား ဆေးပုလင်းတွေကို အပူချိန်ပြန်ချပြီးတဲ့အခါမှာ ဆေးရည်ဖြည့်တင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရပါတယ်။ အဲဒီလို လုပ်ဆောင်တဲ့အခါမှာ အရည်အသွေးအာမခံထိန်းသိမ်းခြင်းဌာနက ဆေးရည်ဖြည့်တင်းထုတ်လုပ်ခြင်း လုပ်ငန်းကို In-Process တစ်လျှောက်လုံးမှာ စစ်ဆေးပါတယ်။ ဆေးရည်ဖြည့်ပြီးသား ဆေးပုလင်းတွေကို Rubber Stopper နဲ့ ဖုံးအုပ်ခြင်း၊ Aluminium Cap ပြုလုပ်ခြင်း၊ Inscection Machine နဲ့ဆေးပုလင်းတွေကို စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်ပါတယ်။ ဆေးပုလင်းတွေမှာ အမှုန့်ပါခြင်း ရှိ/မရှိနဲ့ အခြားစစ်ဆေးမှုများ ပြုလုပ်ပြီးတဲ့အခါမှာ အရည်အသွေးထိန်းသိမ်းရေးဌာနကို ပေးပို့စစ်ဆေးရပါတယ်။ အဲဒီဌာနက စစ်ဆေး ချက်တွေအောင်မြင်ပြီဆိုမှသာ ကျွန်မတို့ တံဆိပ်ကပ်ခြင်းလုပ်ငန်းနဲ့ ထုပ်ပိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ရပါတယ်။ ဆေးပုလင်းအားလုံးကို အပူချိန် (2-8 ·C) အတွင်း အအေးထဲမှာသိမ်းဆည်းထားတာဖြစ်ပါတယ်။

ဆေးပုလင်းတစ်လုံးကို လူငါးဦး (5 Doses) ထိုးနှံနိုင်ပါတယ်။ လစဉ် ကာကွယ်ဆေး Doses တစ်သန်းနှုန်းနဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ ကာကွယ်ဆေး Doses ၁၀ သန်း ထုတ်လုပ်ဖို့ရှိပါတယ်။ ကာကွယ်ဆေးမထိုးနှံရသေးတဲ့ ပြည်သူတွေနဲ့ Booster Dose ထိုးနှံဖို့ရှိတဲ့သူတွေအတွက် ကျန်းမာရေးဝန်ကြီးဌာနရဲ့ Program အတိုင်း သွားမှာပါ။ ကာကွယ်ဆေးဟာ ပြည်သူတွေလိုအပ်နေတာဖြစ်တဲ့အတွက် ထုတ်လုပ်ခွင့်ရတဲ့အပေါ် ဝန်ထမ်းအားလုံးဝမ်းသာဂုဏ်ယူနေကြပါတယ်။ ကာကွယ်ဆေးထုတ်လုပ်တဲ့အခါမှာ Sinopharm ပညာရှင်များက စဉ်ဆက်မပြတ်စစ်ဆေးမှုတွေ ပြုလုပ်ခဲ့တာဖြစ်ပြီး စစ်ဆေးချက်တိုင်း၊ အဆင့်တိုင်းအောင်မြင်ပြီးမှသာ ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒီလို ဆေးဝါးထုတ်လုပ်တဲ့အခါမှာလည်း စက်မှုဝန်ကြီးဌာနတစ်ခုတည်းမဟုတ်ဘဲ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) ကို ပေးပို့စစ်ဆေးတာဖြစ်ပါတယ်။ ပြီးတော့ ဝန်ကြီးဌာနပေါင်းစုံက လိုအပ်ချက်တွေကို ပံ့ပိုးကူညီခဲ့တာ ဖြစ်တဲ့အတွက် Sinopharm ပညာရှင်များနဲ့ ပူးပေါင်းကူညီကြသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။




ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)တွင် ထုတ်လုပ်သည့် MYANCOPHARM ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တွေ့ရစဉ်။

### ဒေါ်ငြိမ်းငြိမ်း
### (အရည်အသွေးအာမခံဌာန - ဌာနမှူး)

ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်တဲ့အခါမှာ အရည်အသွေးအာမခံဌာန Quality Assurance Department နဲ့ အရည်အသွေး ထိန်းသိမ်းရေးဌာန (Quality Control Department) တို့ဟာ ထုတ်လုပ်မှုလုပ်ငန်းစဉ် တစ်လျှောက်လုံးမှာ Environmental Monitoring စစ်ဆေးမှုတွေကို စဉ်ဆက်မပြတ် လုပ်ဆောင်ရပါတယ်။ ကာကွယ်ဆေး ထုတ်လုပ်တဲ့အခန်းတွင်း သန့်စင်မှု ရှိ/မရှိကို ဌာနနှစ်ခုက စဉ်ဆက်မပြတ်စစ်ဆေးမှုပြုလုပ်ရပါတယ်။ စစ်ဆေးမှုရလဒ်ကောင်းမှသာ ဆေးဖြည့်သွင်းခြင်းလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ရပါတယ်။

ထုတ်လုပ်ရေးဌာနကထွက်ရှိလာတဲ့ ကာကွယ်ဆေးတွေကို QC အရည်အသွေးထိန်းသိမ်းရေးဌာနက ဆေးဝါးမှာပါဝင်တဲ့ နှုန်းထားပြည့်ဝမှု၊ သန့်စင်မှု၊ အန္တရာယ်ကင်းရှင်းမှု၊ အရည်အသွေးကောင်းမွန်မှုစတဲ့ ကာကွယ်ဆေးရဲ့အာနိသင် ရှိ/မရှိကိုစစ်ဆေးမှုပြုလုပ်ရပါတယ်။ စစ်ဆေးမှု ရလဒ်ကောင်းတွေရရှိပြီးရင် QA ဌာနက ကျန်းမာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာနကို ဆေးဝါးရဲ့အရည်အသွေးဆိုင်ရာ အချက်အလက်တွေ တင်ပြရပါတယ်။ ကိုဗစ်-၁၉ Ready to Fill (RTF) Bulk စတင်ရောက်ရှိတဲ့အချိန်ကစပြီး Cold Change Temperature စစ်ဆေးမှုနဲ့ သိုလှောင်သိမ်းဆည်းထားတဲ့ Cold Room အတွင်းက Temperature များကို နေ့စဉ်ကြည့်ရှုစစ်ဆေးပြီး မှတ်တမ်းများထားရှိရပါတယ်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရာမှာ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုနဲ့ ဝန်ကြီးဌာနများအားလုံး ပူးပေါင်းဆောင်ရွက်မှု၊ ပံ့ပိုးမှုတွေနဲ့ ဝန်ထမ်းများ စည်းလုံးညီညွတ်စွာ စွမ်းဆောင်နိုင်မှုဟာ အားရစရာကောင်းလှပါတယ်။ Sinopharm ရဲ့ပညာရှင်များကလည်း ကာကွယ်ဆေးထုတ်လုပ်ရာမှာ သန့်စင်မှုနဲ့ အန္တရာယ်ကင်းရှင်းမှုကို အထူးဂရုပြု ဆောင်ရွက်စေတာကြောင့် ပြည်သူတို့အတွက် ကာကွယ်ဆေးထုတ်လုပ်နိုင်မှုကို ကျွန်မတို့ဝန်ထမ်းအားလုံး လုပ်ဆောင်နိုင်ခဲ့မှုအပေါ် အားရကျေနပ်မိပါတယ်။

ကာကွယ်ဆေးတွေကို တစ်ပတ်သုံးကြိမ် အပူချိန်တိုင်းတာမှုအပြင် နေ့စဉ်စစ်ဆေးစမ်းသပ်မှု လုပ်ဆောင်ရပါတယ်။ ကာကွယ်ဆေးသက်တမ်းကို တစ်နှစ်သတ်မှတ်ထားပါတယ်။ ဒီစက်ရုံမှာ တာဝန်ထမ်းဆောင်နေတာ နှစ် ၃၀ နီးပါးရှိတဲ့အတွက် အခုလို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်မှုမှာ တစ်တပ်တစ်အား ပါဝင်နိုင်မှုဟာ ဝန်ထမ်းအားလုံးအတွက်လည်း ဂုဏ်ယူစရာဖြစ်ပါတယ်။ ပြည်သူအားလုံးအတွက် ယုံကြည်စိတ်ချစွာနဲ့ အန္တရာယ်ကင်းစွာ ထိုးနှံနိုင်တဲ့ MYANCOPHARM ကာကွယ်ဆေး ရရှိမှုအပေါ် အားရကျေနပ်ဝမ်းသာပီတိဖြစ်ရပါတယ်။



MYANCOPHARM ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နေမှုကို တွေ့ရစဉ်။

○ *ကျောဖုံးမှ*

သတင်းစာရှင်းလင်းပွဲမစတင်မီ တက်ရောက်လာကြသူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တာဝန်ထမ်းဆောင်မှု တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုအခြေအနေ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်း၍ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုများ၊ စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တက်ရောက်ခဲ့ပြီး ညှိနှိုင်းရေးကော်မတီနှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့မှုနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေ၊ ဖက်ဒရယ်နှင့် ပတ်သက်၍ ပါတီများနှင့် တိုင်းရင်းသားလူမျိုးစုများကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ရန်အတွက် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ကျင့်သုံးသွားရန် ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံက ကျင့်သုံးနေသည့် လွတ်လပ်၍ တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည့်မူဝါဒ၊ ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည့် မူဝါဒတို့ကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိမှု၊ တိုင်းပြည်၏ ပြည်တွင်းအားဖြင့် လုပ်ဆောင်နိုင်သည့် ပြည်တွင်းစီးပွားရေး တိုးတက်မြှင့်တင်မှု၊ ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိမှုနှင့် တိုင်းရင်းသားပြည်သူအားလုံးပါဝင်သည့် ကာကွယ်ရေးစွမ်းအားတို့အတွက် ဆောင်ရွက်သွားမည့်အခြေအနေ၊ ပြည်သူလူထု၏ စီးပွားရေးနှင့် ကူးသန်းဆက်သွယ်ရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် မြန်မာ့မီးရထားကို ပြန်လည်အဆင့်မြှင့်တင် ဆောင်ရွက်နေသည့်အခြေအနေ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်း ပြည်ပ သတင်းဌာနများမှ သတင်းထောက်များ သတင်းရယူနေမှုကို တွေ့ရစဉ်။

### ရှင်းလင်းပြောကြား

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ပညာရည်မြင့်မားရေးအတွက် ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒီမိုကရေစီနိုင်ငံအတွက် အရေးကြီးသည့် ပြည်သူများ၏ အတွေးအခေါ်မှန်ကန်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ပညာအခြေပြုလူ့စွမ်းအားအရင်းအမြစ်များဖြင့် လူမှုစီးပွားတိုးတက်စေရန်အတွက် ပညာရေးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့ (CTFMR)တို့အကြား သဘောတူသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ လတ်တလောပျံ့နှံ့နေသည့် ငွေတုကိစ္စနှင့်ပတ်သက်သော သတင်းများသည် အခြေအမြစ်မရှိသည့် ကောလာဟလသတင်းများဖြစ်ပြီး online လိမ်လည်မှုများဖြစ်သည့်အတွက် ဖမ်းဆီးဖော်ထုတ်ခဲ့မှု၊ နိုင်ငံတော်အစိုးရအနေဖြင့် လာမည့်ရွေးကောက်ပွဲကို တစ်နိုင်ငံလုံးအကြားအလပ်မရှိ ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များ၊ အေးချမ်းစွာနေထိုင်လျက်ရှိသည့် အပြစ်မဲ့ပြည်သူများအပေါ် ခြိမ်းခြောက်၊ သတ်ဖြတ်၊ လုယက်မှုများ၊ ဓားပြတိုက်မှုများ၊ ဆက်ကြေးကောက်မှုများ၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုများ စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့မှုများကို Power Point Presentation များ၊ Video ဖိုင်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးဆောင်ရွက်မည့် အခြေအနေနှင့် နိုင်ငံရေးပါတီများအား စစ်ဆေးခြင်း၊ မဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို Power Point Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

### ပြန်လည်ရှင်းလင်း

ယင်းနောက် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

### လိုက်လံကြည့်ရှုလေ့လာ

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှိုငြမ်းကိုးကားနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုများနှင့် တာဝန်ထမ်းဆောင်မှု တစ်နှစ်တာကာလ ကောက်နုတ်ချက်များ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ ဆောင်ရွက်ချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်မှုမှတ်တမ်း ဓာတ်ပုံများကို ခင်းကျင်းပြသထားရှိရာ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာကြသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



မွန်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

**နေပြည်တော် မတ် ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၉၁၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၄၉၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၈၇၉၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၂၂၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ ဒေသခံပြည်သူ ၂၉၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၈၀၂၆ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ထန်းတပင်မြို့နှင့် ပဲခူးမြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၅၁၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျော့ရွာ-ဝင်းစိန်-ဒေါ်လန်း-ဝဲကင်အံ(နဘူး)လမ်းဖွင့်

**ဘားအံ မတ် ၂၄**

(၇၇) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံ- ဘားအံ- ကော့ကရိတ်- မြဝတီ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကျော့ရွာကျေးရွာမှ နဘူး၊ ထို့ကော်ကိုးဒေသများသို့ အဓိကဆက်သွယ်ထားသည့် ကျော့ရွာ- ဝင်းစိန်- ဒေါ်လန်း- ဝဲကင်အံ (နဘူး) လမ်းဖွင့်ပွဲကို မတ် ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုလမ်းကို ၁၉၉၅ ခုနှစ်ကာလများက စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းများမှ ဒေသဖွံ့ဖြိုးရေးအတွက် မြေသားလမ်းအဖြစ် စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၁၅- ၂၀၁၆ ခုနှစ်တွင် လမ်းဦးစီးဌာနသို့ လွှဲပြောင်း ထိန်းသိမ်းစေကာ လမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၁ - ၂၀၂၂ မီနီဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၆၂၄ ဒသမ ၇၇၀ ဖြင့် ၀ ကီလိုမီတာမှ ၁၀ ကီလိုမီတာအထိ ၃၄ ပေ အကျယ် အမာခံမြေသားလမ်းဆောင်ရွက်ခဲ့ပြီး လာမည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်လည်း ကျန်ရှိသော လမ်းပိုင်းများကို ၃၄ ပေအကျယ် မြေသားတာပေါင်တင်ခြင်း၊ တံတားတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ကာ နောင်လာမည့် ဘဏ္ဍာနှစ်များတွင်လည်း တိုင်းရင်းသားပြည်သူများ ခရီးသွားလာမှု ပိုမိုအဆင်ပြေချောမွေ့စေရေး လမ်း/တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ညိုက လမ်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီးဒေသခံတစ်ဦးကကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့ဝင်များက လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် လမ်းဖွင့်ပွဲသို့တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျော့ရွာ- ဝင်းစိန်- ဒေါ်လန်း- ဝဲကင်အံ (နဘူး)လမ်းပေါ် မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယခင်က နဘူး- ထို့ကော်ကိုး၊ ကော့ကရိတ် မြောက်ခြမ်း ကျေးရွာများမှ ဘားအံမြို့သို့ သွားရောက်ရာတွင် ဘားအံ- ထီလုံ- တာပေါင်- နဘူးလမ်းမှ ကွေ့ပတ်သွားလာခဲ့ရသည့်အတွက် လမ်းခရီးကြန့်ကြာခဲ့ရပြီး ယခုဖွင့်လှစ်သည့် ကျော့ရွာ- ဝင်းစိန်-ဒေါ်လန်း -ဝဲကင်အံ (နဘူး) လမ်းမှတစ်ဆင့် သွားလာမည်ဆိုပါက ၄၀ ကီလိုမီတာခန့်မျှ လမ်းခရီးကို ပိုမိုတိုတောင်းစေကာ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာပြီး ဒေသခံ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၇၇)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်တော်သာ(စစ်တွေ)-ရေချမ်းပြင်လမ်းပိုင်း၌ RBE ရထားပြေးဆွဲ

**နေပြည်တော် မတ် ၂၄**

ရခိုင်ပြည်နယ်ရှိ ပြည်တော်သာ(စစ်တွေ)-ရေချမ်းပြင် လမ်းပိုင်းတွင် RBE ရထားပြန်လည်ပြေးဆွဲခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြည်တော်သာဘူတာယာဒ်ဝင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (စစ်တွေ)ဒေသကွပ်ကဲရေးမှူး၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှအထွေထွေမန်နေဂျာ (အောက်မြန်မာပြည်) နှင့် အရာထမ်း/အမှုထမ်းများ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့မီးရထားမှ တာဝန်ရှိသူက ရထားပြန်လည်ပြေးဆွဲမှုကို ရှင်းလင်းတင်ပြကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (စစ်တွေ)မှ ဒေသကွပ်ကဲရေးမှူး၊ ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်)တို့က ပြည်တော်သာ(စစ်တွေ)-ရေချမ်းပြင်လမ်းပိုင်းတွင် ပြေးဆွဲမည့် RBE ရထားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြေးဆွဲမည့် RBE ရထားစက်ခေါင်းအား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရထားပေါ်တွင် စီးနင်းလိုက်ပါလာကြသည့် ခရီးသွားပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ထွက်ခွာသွားသည့်ရထားတွင် စီးနင်းလိုက်ပါကြသည့် ခရီးသည်များကို လက်ပြနှုတ်ဆက်သည်။

အဆိုပါ ပြည်တော်သာ(စစ်တွေ)-ရေချမ်းပြင် လမ်းပိုင်းခရီးစဉ်အား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၀ ရက်မှစတင်၍ ရထားပြေးဆွဲရေးလုပ်ငန်းများကို ယာယီရပ်နားခဲ့ပြီး ယခု ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် သံလမ်းတာပေါင်ရေတိုက်စားမှု ပြုပြင်ထိန်းသိမ်းခြင်း၊ ရာသီဥတုဒဏ်ကြောင့် မြေသားတာပေါင်နိမ့်ဆင်းသည့် ပေ ၄၀ အရှည် ဇောပူဂျာတံတားအား ဘေလီတံတားထိုးပြုပြင်၍ ရထားပြေးဆွဲနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တော်သာ(စစ်တွေ)-ရေချမ်းပြင်လမ်းပိုင်းသည် စစ်တွေတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များတွင် တက်ရောက်နေကြသော ကျောင်းသူ/ ကျောင်းသားများ အဆင်ပြေစေရေး၊ ရေချမ်းပြင်နှင့် စစ်တွေကြားရှိ ကျေးရွာများမှ ပြည်သူများ ဈေးရောင်း/ဈေးဝယ် အဆင်ပြေစေရေး၊ ပြည်တော်သာ(စစ်တွေ)မှ ရေချမ်းပြင်ကြားရှိ ကျေးရွာများသို့ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးတို့အတွက် ရထားပြန်လည်ပြေးဆွဲပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ပြေးဆွဲရာတွင် RBE ရထားသည် ပြည်တော်သာဘူတာမှ နံနက် ၇ နာရီတွင် ထွက်ခွာ၍ ရေချမ်းပြင်ဘူတာသို့ နံနက် ၈ နာရီတွင် လည်းကောင်း၊ ရေချမ်းပြင်ဘူတာမှ နံနက် ၁၀ နာရီတွင် ထွက်ခွာ၍ ပြည်တော်သာဘူတာသို့ နံနက် ၁၁ နာရီတွင် လည်းကောင်း၊ ပြည်တော်သာဘူတာမှ မွန်းလွဲ ၂ နာရီ ပြန်လည်ထွက်ခွာ၍ ရေချမ်းပြင်ဘူတာသို့ မွန်းလွဲ ၃ နာရီတွင်လည်းကောင်း၊ ရေချမ်းပြင်ဘူတာမှ ညနေ ၄ နာရီ ပြန်လည်ထွက်ခွာ၍ ပြည်တော်သာဘူတာသို့ ညနေ ၅ နာရီတွင်လည်းကောင်း အသီးသီးရောက်ရှိမည်ဖြစ်ပြီး နေ့စဉ် အစုန်/အဆန် လေးခေါက် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းနှင့် လမ်းတစ်လျှောက်တွင် စစ်တွေဘူတာ၊ စစ်တွေတက္ကသိုလ်ဘူတာ၊ ဒါးပိုင်ဘူတာ၊ ဇောပူဂျာဘူတာ၊ မဲဇလီကုန်းဘူတာ၊ ရေချမ်းပြင်ဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **သတင်းစဉ်**

## သီပေါ၌ ရေနံထွက်ပစ္စည်းရောင်းချသူများအား တရားမဝင် ဖြန့်ဖြူးရောင်းချခြင်းမရှိရေး ကွင်းဆင်းစစ်ဆေး

**သီပေါ မတ် ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် တရားမဝင် စက်ဆီ၊ ချောဆီနှင့် ဆက်စပ်ရေနံထွက်ပစ္စည်းများ တင်သွင်းထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်း၍ ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် သက်ဆိုင်ရာလုပ်ငန်း လိုင်စင်များ မှတ်ပုံတင်ထားရှိမှု၊ စားသုံးဆီများ ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချရာတွင် သတ်မှတ်ထားသော ကုန်အညွှန်းအမှတ်အသားများ ဖော်ပြထားရှိမှုနှင့် ကုန်စည်အပေါ် အာမခံချက်ပေးထားခြင်းများဆွေးနွေးပြီး ဆီစက်မှထုတ်လုပ်ရောင်းချမှု အခြေအနေများနှင့် စက်သုံးဆီများ ဖြန့်ဖြူးရောင်းချရာတွင် အတုပြုလုပ်ခြင်း၊ တရားမဝင် ဖြန့်ဖြူးရောင်းချခြင်း မရှိစေရေး တရားဝင်လုပ်ငန်းလိုင်စင်ရယူဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် မတ် ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဓမ္မာလင်္ကာရ သာမဏေကျော် စာသင်တိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆင်ဖြူပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ရွာမပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ပါဠိကာရီ ချမ်းမြေ့နန္ဒာပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ ရွှေဟင်္သာလယ်ပေါ်စာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်ရာ လူနေအိမ်ခြေအချို့ပျက်စီး လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

## မြောင်းမြ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် မတ် ၂၂ ရက် နှင့် ၂၃ ရက်က မိုးသက်လေပြင်းတိုက်ခတ်၍မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ် ရှစ်လုံး၊ ကျောင်းနှစ်ကျောင်း၊ တံတားတစ်စင်းပြိုကျပျက်စီးမှု ဖြစ်ပွားသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပကိတ်ကြီးကျေးရွာရှိ သစ်သားတိုင်၊ ဝါးခင်းဓနိမိုးနေအိမ်တစ်လုံး၊ ပလောနန်မူကျေးရွာရှိ စာသင်ကျောင်း အမိုးသွပ်ပြားသုံးချပ်လန်ခြင်း၊ ဘိုင်နင်းကျေးရွာရှိ ဓနိမိုး၊ ဓနိကာ၊ သစ်သားခင်း၊ သစ်သားတိုင် လူနေအိမ်နှစ်လုံးနှင့် အလျား ၁၅ ပေ၊ အနံ ၅ ပေ၊ အမြင့် ၉ပေ သွပ်မိုး ကိုယ့်အားကိုယ်ကိုး ချောင်းကူးသစ်သားတံတားတစ်စင်း၊ ငါးမြင်းချောင်းကျေးရွာအုပ်စုရှိ ဓနိမိုး၊ ဓနိကာ၊ သစ်သားခင်း၊ ဝါးတိုင်လူနေအိမ် သုံးလုံး၊ နံကပ်ကျေးရွာရှိ ဓနိမိုး၊ ဓနိကာ၊သစ်သားခင်း၊ သစ်သားတိုင် လူနေအိမ် နှစ်လုံးနှင့် တံခွန်တိုင် ကျေးရွာအုပ်စု၊ အလကခွဲ(တံခွန်တိုင်ကရင်) စာသင်ကျောင်းရှိ သွပ်မိုး၊ အုတ်ကာ၊အင်္ဂတေခင်း၊ သစ်သားဒိုင်းကျား အိမ်သာလေးခန်းတွဲ နှစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ ထိုသို့ပျက်စီးဆုံးရှုံးခဲ့ရသော မိသားစုများအား ခရိုင်နှင့်မြို့နယ် သဘာဝဘေးကြိုတင်ကာကွယ် ရေးစီမံခန့်ခွဲမှုကော်မတီဝင်များ၊



ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်းနှင့် အဆိုပါဖြစ်စဉ်ကြောင့် လူနှင့်တိရစ္ဆာန် အသက်အန္တရာယ်ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ငရုတ်ကောင်း

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့ ကွင်းဘက်ကျေးရွာအုပ်စုနှင့် ပန်းမော်ကျေးရွာအုပ်စုတို့၌ မတ် ၂၂ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့်စာသင်ကျောင်း၊ ဆေးပေးခန်းအချို့ အမိုးလန်၊ အနည်းငယ်ပြိုကျပျက်စီးခဲ့ကြောင်း မြို့သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးရုံးမှ သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကွင်းဘက်ကျေးရွာအုပ်စု ကွင်းဘက်ကျေးရွာရှိ တိုက်နယ်ဆေးရုံတွင် သွပ်မိုးအနည်းငယ်၊ မျက်နှာကြက်ကျောက်ပြားအနည်းငယ်နှင့် ကွင်းဘက်ကျေးရွာ ကျေးလက်ဆေးပေးခန်း သွပ်အမိုးလန် အနည်းငယ်ပျက်စီးပြီး ကွင်းဘက်ကျေးရွာအုပ်စု သမ္ဘာန်ကျေးရွာစာသင်ကျောင်း သွပ်အမိုးအနည်းငယ်ပျက်စီးခဲ့သည်။ ထို့နောက် ပန်းမော်ကျေးရွာအုပ်စု ပန်းမော်ကျေးရွာနှင့် ငန်းချောင်းကျေးရွာတို့ရှိ ဓနိမိုး၊ ထရံကာ လူနေအိမ် ၁၀ လုံးမှာ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။ အဆိုပါ အိမ်ထောင်စုဝင်များအား နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ပြောင်းရွှေ့နေရာချထားပေးကြသည်။ အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မရှိကြောင်း သိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

## ဟင်္သာတ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် မွေးလုံးကျေးရွာအုပ်စု မွေးလုံးကျေးရွာ၌ မတ် ၂၂ ရက်က ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အိမ်တစ်လုံးအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများကိုလည်းကောင်း၊ ဘေးချောင်ကျေးရွာအုပ်စု ထုံးဖွတ်ကုန်းကျေးရွာ၌ မတ် ၂၃ ရက်က ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အိမ်တစ်လုံး အတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများကိုလည်းကောင်း မတ် ၂၃ ရက် ညနေပိုင်းက ဘေးသင့်ပြည်သူများထံသွားရောက် ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူး ကျော်စွာထွန်းနှင့် မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဦးသိန်းဇော်ထိုက်တို့က သွားရောက်ထောက်ပံ့ပေးအပ်ရာ



လေဘေးသင့်အိမ်ထောင်စုဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကိုဇော် (ဟင်္သာတ)**

## သာပေါင်း

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျားရဲကျေးရွာ အုပ်စု ကတတ်ရိုးကျေးရွာနှင့် မဏ္ဍိုင်ကျေးရွာတို့တွင် မိုးသက်လေပြင်းတိုက်ခတ်၍ နေအိမ်နှစ်လုံးပြိုကျပြီး ငါးလုံးအမိုး လန်ကျပျက်စီးခဲ့ရသော လေဘေးသင့်အိမ်ထောင်စုများအား မတ်၂၃ ရက် ညနေ ၄ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ သာပေါင်းမြို့နယ်ရုံးမှ ထောက်ပံ့ငွေနှင့်ပစ္စည်းများကိုကျေးရွာအရောက် ကျေးလက်နေပြည်သူများ၏ လက်ဝယ်သို့ ထောက်ပံ့ပေးအပ်ကြသည်။

မိုးသက်လေပြင်းဘေးသင့် အိမ်ထောင်စုငါးစုတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇေယျာထိုက်၊ အတွင်းရေးမှူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ခိုင်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး အောင်ကျော်သိန်းနှင့် သာပေါင်းမြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်မောင်ထွန်းတို့ လေဘေးသင့်အိမ်ထောင်စုများကို ကျေးရွာအရောက် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်း

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်တွင် အာစနီမုန်တိုင်းအရှိန်ဖြင့် မတ်၂၃ ရက် နံနက်အစောပိုင်းမှစ၍ ညနေလေးနာရီခန့်အထိ မိုးရွာသွန်းသဖြင့် ဆည်ပေါက်ချောင်းနှင့် စိတ္တိန်းချောင်းတို့တွင် ချောင်းရေကျဆင်းမှုကြောင့် ချောင်းပြင်အတွင်း စိုက်ပျိုးထားရှိသည့် နွေကြက်သွန်ခင်းများ ပျက်စီးမှုအချို့ရှိကြောင်း အဆိုပါ ဒေသခံတောင်သူများထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မုန်တိုင်းမိုးကြောင့် ချောင်းရေကျဆင်းပြီး စိတ္တိန်းကျေးရွာတွင် ကြက်သွန်စိုက်ခင်း၂၅ ဧကခန့် ပျက်စီးမှုရှိခဲ့သည်။ အလားတူ ဆည်ပေါက်ချောင်းရေကျဆင်းမှုကြောင့် ကြက်မောက်တောင်ဆည်အဖျားရှိ လဲဂွ၊ ကုန်းတဲ၊ လက်ပန်အိုင့်ကျေးရွာများမှ စိုက်ပျိုးထားရှိသည့် ကြက်သွန်စိုက်ခင်း ခန့်မှန်းဧက ၇၀ ခန့် ပျက်စီးမှုရှိခဲ့ကြောင်း လဲဂွကျေးရွာအုပ်စုမှ တောင်သူဦးလှဟန်ထံမှ သိရသည်။ ရေဆုံးကျေးရွာအုပ်စုတွင် ပင်းချောင်းလွင်ပြင်အတွင်း စိုက်ပျိုးထားရှိသည့် ကြက်သွန်ခင်းများကို ပေါင်အမြင့်တင်ပြုလုပ်ထားပြီး ရေလွှဲလမ်းကြောင်း ကြိုတင်ပြုလုပ်ထားမှုကြောင့် ထိခိုက်ပျက်စီးမှုမရှိကြောင်း ရေဆုံးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**နေအောင်(ပြန်/ဆက်)**



## ဖျာပုံ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ဘေးသင့်နေအိမ်များကို ဖျာပုံခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကို မတ် ၂၃ ရက်နေ့လယ်ပိုင်းက သွားရောက်ထောက်ပံ့ပေးကြသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ရာတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းနှင့် အဖွဲ့ဝင်များသည် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အမာမြို့ဒေါ်ညိမ်းကျေးရွာအုပ်စု ရွှေထီးကျေးရွာမှ လေဘေးသင့်အိမ်ထောင်စုငါးစုနှင့် ဘဝသစ်ကျေးရွာအုပ်စု ခတ္တာကျွန်းကျေးရွာ၊ မြကျွန်းသာကျေးရွာ၊ ဂေါ်ဒူကျေးရွာတို့မှ လေဘေးသင့်အိမ်ထောင်စု ရှစ်စုတို့ကို ပစ္စည်း ၁၇မျိုးပါ ကယ်ဆယ်ရေးပစ္စည်းများ ကာလတန်ဖိုးငွေကျပ်၅၈၈၄၃၂၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ်၆၉၀၀၀၀နှင့် ဆန်ရိက္ခာတန်ဖိုး ငွေကျပ် ၁၅၇၅၀၀ စုစုပေါင်းတန်ဖိုးငွေကျပ်၁၄၃၅၉၃၂တို့ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်း


ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အားကောင်းသောမုန်တိုင်းငယ်ဖြစ်သန်းစဉ်အတွင်း မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုကျပျက်စီးခဲ့သော ဘေးသင့်ပြည်သူများ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်ခြင်းလုပ်ငန်းကို ယနေ့နေ့လယ် ၁ နာရီက ဘေးသင့်ပြည်သူလက်ဝယ်အရောက် သွားရောက်ကွင်းဆင်းထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါထောက်ပံ့ငွေများနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးမင်းထက်မှူး၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာဇာလင်းနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု ကိုးအုပ်စုအတွင်းရှိ တစ်စိတ်တစ်ပိုင်းပျက်စီးသည့်နေအိမ် ငါးလုံး၊ ပြိုကျပျက်စီးခဲ့သောနေအိမ် ၂၆ လုံး၊ စုစုပေါင်းနေအိမ် ၃၁ လုံး၊ အိမ်ထောင်စု ၃၁ စုမှ ဘေးသင့်ပြည်သူ ၁၁၉ ဦးတို့အား ဆန်ရိက္ခာခုနစ်ရက်စာ၊ အိမ်ဆောက်ပစ္စည်းဖိုး စုစုပေါင်း ငွေကျပ် ၁၆၉၉၉၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ၂၆ ပုံးကို ကွင်းဆင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

**အောင်အောင်(ပြန်/ဆက်)**

# အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဖိုရမ်၏ဆက်စပ်အစည်းအဝေးကျင်းပ






**နေပြည်တော် မတ် ၂၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေး (1st Technical Working Group Meeting)ကို ဖိုရမ်၏၂၀၂၂ခုနှစ်အတွက်အလှည့်ကျဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံလူ့အခွင့်အရေးကော်မရှင်က ဦးဆောင်၍ မတ် ၂၃ ရက်မှ ၂၄ ရက်အထိ virtual online platform အသုံးပြု၍ ကျင်းပသည်။ **(ဓာတ်ပုံ)**

လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ထိုင်း၊ တီမောလက်စ်တေနှင့် ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများမှ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျင်းပခဲ့သော ဖိုရမ်၏ (၁၈) ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးနောက်ပိုင်း ဖိုရမ်အဖွဲ့ဝင်အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှု၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်တို့အကြား နိုင်ငံမဲ့ဖြစ်နေသူများ အခွင့်အရေးနှင့် စပ်လျဥ်း၍ လက်မှတ်ရေးထိုးထားသော နားလည်မှုစာချွန် (MOU)ပါ လုပ်ငန်းရပ်များဆောင်ရွက်မှု၊ ဖိုရမ်၏ ၂၀၂၂–၂၀၂၆ မဟာဗျူဟာစီမံကိန်းနှင့် ၂၀၂၂ ခုနှစ် လုပ်ငန်းစီမံချက်တို့ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စ၊ သက်ကြီးရွယ်အိုများအခွင့်အရေးနှင့် စပ်လျဥ်း၍ ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုနှင့် စပ်လျဥ်းသော ဆောင်ရွက်ချက်များ မျှဝေဆွေးနွေးခြင်းကိစ္စ၊ ကိုဗစ်–၁၉ ကပ်ရောဂါ ကာလအတွင်း သတင်းအချက်အလက်များ လုံလောက်စွာ မရရှိခြင်းနှင့် လွဲမှားသည့် သတင်းအချက်အလက်များ ဖြစ်ပေါ်စေမှုနှင့်စပ်လျဥ်းသောကိစ္စ၊ ဖိုရမ်၏ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးကိစ္စ၊ ဖိုရမ်နှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်တို့ ထိတွေ့ဆက်သွယ်ဆောင်ရွက်ရေးကိစ္စ၊ ဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် (၁၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပရေးကိစ္စစသည့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

လုပ်ငန်းအဖွဲ့အစည်းအဝေး၌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ (၁၈) ကြိမ်မြောက် ဖိုရမ်နှစ်ပတ်လည်အစည်းအဝေးအပြီး လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများကို ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်က လည်းကောင်း၊ ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း သတင်းအချက်အလက်များ လုံလောက်စွာမရရှိခြင်းနှင့် လွဲမှားသည့် သတင်းအချက်အလက်များ ဖြစ်ပေါ်စေမှုနှင့်စပ်လျဥ်း၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းကလည်းကောင်း တင်ပြဆွေးနွေးခဲ့ပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က မဟာဗျူဟာစီမံကိန်းနှင့် ၂၀၂၂ ခုနှစ် လုပ်ငန်းစီမံချက်နှင့် ဘာသာရပ်အလိုက် ဆွေးနွေးမှုများတွင် ပါဝင်အကြံပြုဆွေးနွေးသည်။

မတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် virtual online platform ဖြင့် ဖိုရမ်၏ ဆက်စပ်အစည်းအဝေးတစ်ရပ်အဖြစ်ကျင်းပသော "SEANF Leadership in Mitigating Disinformation to Promote Human Rights Online Discussion Series on Influence Operations"သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပေါ်လွင်စိန်နှင့် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အကြီးတန်းအရာရှိများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဆက်စပ်အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံလူ့အခွင့်အရေးကော်မရှင်နှင့် ဖိလစ်ပိုင်နိုင်ငံရှိ The Centre for Humanitarian Dialogue (HD) အဖွဲ့အစည်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အခမ်းအနားသို့ အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိလစ်ပိုင်နိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် သတင်းအချက်အလက်လုံလောက်စွာမရရှိခြင်းနှင့် လူ့အခွင့်အရေးအပေါ် သက်ရောက်မှု၊ သတင်းအချက်အလက် လုံလောက်စွာမရရှိခြင်းကြောင့် အမျိုးသမီးများနှင့် အားနည်းထိခိုက်လွယ်သည့်အုပ်စုများအပေါ် သက်ရောက်မှုအစရှိသည့် လူ့အခွင့်အရေးနှင့် စပ်လျဥ်းသောကိစ္စရပ်များကို တင်ပြဆွေးနွေးကြပြီး SEANF အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများက ဘာသာရပ်နှင့်စပ်လျဥ်း၍ အတွေ့အကြုံများ မျှဝေဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





## သတင်းအမှား၊ အမှန်ခွဲခြားနိုင်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**နေပြည်တော် မတ် ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ကရင်ပြည်နယ် ဦးစီးမှူးရုံး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများရှိ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းသား၊ သင်တန်းသူများ သတင်းအမှား၊ အမှန်ခွဲခြားသုံးသပ်နိုင်ရေး၊ ဥပဒေရေးရာနှင့် Social Media အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများနှင့် ဥပဒေပြစ်မှုပြစ်ဒဏ်ဆိုင်ရာ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာနှင့် ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးမှု ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲ၌ သတင်းအမှား၊ အမှန် ခွဲခြားသုံးသပ်နိုင်ရေးကို ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးဆန်း က လည်းကောင်း၊ ဥပဒေရေးရာနှင့် Social Media အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန်ကို ဥပဒေအရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာထွဋ်က လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများနှင့် ဥပဒေပြစ်မှုပြစ်ဒဏ်ဆိုင်ရာတို့ကို ဒုတိယရဲမှူး အောင်မြင့်ဝင်းက လည်းကောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးမှုကို ဒုတိယရဲမှူး သိန်းဇော်မြင့်က လည်းကောင်း၊ ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးမှုကို ဒုတိယရဲမှူး မျိုးကျော်ညွန့်က လည်းကောင်း အသီးသီး ဟောပြောသည်။

အသိပညာပေး ဟောပြောပွဲသို့ ကိုဗစ်–၁၉ စည်းကမ်းချက်များနှင့်အညီ ကရင်ပြည်နယ် ဦးစီးမှူးရုံး၊ လူငယ်သင်တန်းကျောင်း၊ စက်မှုလက်မှုပညာ သင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းရှိ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သတင်းအမှားအမှန် ခွဲခြားသုံးသပ်နိုင်ရေး၊ Social Media အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန် ဥပဒေရေးရာနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် မတ် ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (စစ်တွေ)၌ သတင်းအမှားအမှန် ခွဲခြားသုံးသပ်နိုင်ရေး၊ Social Media အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန် ဥပဒေရေးရာနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယုယုနွယ်က သတင်းအမှားအမှန် ခွဲခြားသုံးသပ်နိုင်ရေးနှင့် Social Media အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးပြောကြားပြီး စစ်တွေမြို့မရဲစခန်းမှ ဒုရဲမှူး ဆန်းကျော်ထွန်းက ဥပဒေရေးရာနှင့် မူးယစ်ဆေးဝါးဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲသို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (စစ်တွေ)မှ ကျောင်းအုပ်ဆရာကြီး၊ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြားတပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၄**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်ခြားစောင့် တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင် အစည်းအဝေးကို မတ် ၂၃ ရက် မြန်မာစံတော်ချိန် ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံ မောင်တောမြို့ လူဝင်/ထွက်စစ်ဆေးရေးစခန်း (POE)ရှိ မောင်တောနယ်စပ်ဆက်ဆံရေးရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး ကျော်နိုင်စိုး ဦးဆောင်သော ကိုယ်စားလှယ် ၁၀ ဦး အဖွဲ့နှင့် အမှတ် (၂) ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် (တက္ကနဉ့်ဖ်) မှ တပ်ရင်းမှူး Lt. Col. Sheikh Khalid Mohammad Iftekhar ဦးဆောင်သော ကိုယ်စားလှယ် ၁၂ ဦးအဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံနယ်စပ်ဒေသအတွင်း နယ်စပ်ဖြတ်ကျော်မှုခင်းများ မဖြစ်ပွားစေရေး၊ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများကို တားဆီးထိန်းသိမ်းပေးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား အချိန်နှင့်တစ်ပြေးညီသတင်းဖလှယ်ပေးရေး၊ နယ်စပ်ဒေသနေပြည်သူများကို အသိပညာပေးရေး၊ ARSA နှင့် RSO အကြမ်းဖက်အုပ်စုများက နယ်နိမိတ်မျဉ်းကို တရားမဝင်ဖြတ်ကျော်၍ မြန်မာနိုင်ငံအတွင်း ကျူးလွန်သောအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကို ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေနှင့်အညီ အရေးယူခဲ့ပြီးဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၄၁ ဦးကို အမှတ်(၁) နယ်ခြားစောင့်




ရဲတပ်ဖွဲ့ခွဲမှ အမှတ် (၂) ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် (တက္ကနဉ့်ဖ်) သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၂ ရက် ည ၇ နာရီခွဲတွင် မြိတ်မြို့ မြိတ်တောင်ရပ်ကွက် ရာပြည့်ရပ် ရာပြည့်(၇)လမ်းတွင် မျိုးမင်းဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်ရှိ ကားဂိတ်အနီးတွင် အားလောင်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ မတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့ မြို့ဦးရပ်ကွက်နေ နူရ်အီဆလာမ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၃၉၀ ကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့ မိန်းပန်း "ဝ" ရပ်ကွက်နေ ညီထမ်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ညောင်ရွှေမြို့၌ (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် Talk Show အစီအစဉ်ဆောင်ရွက်

**ညောင်ရွှေ မတ် ၂၄**

၂၀၂၂ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် Talk Show အစီအစဉ်ရိုက်ကူးခြင်းကို မတ် ၂၂ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညောင်ရွှေမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေမြို့နယ် ဒုတိယဦးစီးမှူး ဒေါ်နန်းဆွေဆွေအေးက Talk Show အစီအစဉ် ရိုက်ကူးတင်ဆက်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ညောင်ရွှေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ကဗျာဆရာ ဦးခင်မောင်မြ (ညောင်ရွှေခင်မောင်မြ)က (၇၇) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၎င်းရေးသားပြီး မြဝတီမဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခြင်းခံရသည့် ကမ္ပည်းမော်ကွန်းဝင် တပ်မတော်နေ့ ကဗျာကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေမျိုးသူရိန်က တပ်မတော်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို လည်းကောင်း အသိပညာပေး ဆွေးနွေးကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



### ထူးခြားသည့် နေ့အပူချိန်

**နေပြည်တော် မတ် ၂၄**- ထူးခြားသည့် နေ့အပူချိန်များမှာ ဗားရ်မြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၃၆ ဒီဂရီစင်တီဂရိတ်စီနှင့် ပလက်ဝမြို့၊ မင်းကင်းမြို့နှင့် ကျောက်တော်မြို့တို့တွင် ၃၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် တောင်ချောင်းကျေးရွာနေ မေသဉ္ဇာနွယ်သည် ၎င်းအသုံးပြုသည့် "Pan K Hannar" Facebook အကောင့်နှင့် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ကုန်းကလေးကျေးရွာနေ ကုဋေပိုင်အေး ၂၂ နှစ် (ဘ)ဦးမြအေးသည် ၎င်းအသုံးပြုသည့် "Ku Tay Paing Aye" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် သုံးဘီးမော်တော်ယာဉ်များ ဖမ်းဆီးရမိ



**နေပြည်တော် မတ် ၂၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၁ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တောင်ကုတ်မြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံတွဲခရိုင် တောင်ကုတ်မြို့နယ်အတွင်း တရားမဝင် ကညင်ခွဲသား ၃ ဒသမ ၅၅၄၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၄၄၀) ကို **(ယာပုံ)** ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ) ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဆိပ်ကမ်းတာဝန်ကျ အကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်နှင့် ကွဲလွဲစွာတင်သွင်းလာသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့စက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဆိပ်ကမ်းတာဝန်ကျ အကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိဘဲ အပိုပါရှိလာသော လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၆၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်ပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည့် ပစ္စည်းများနှင့်အတူ ရောနှောတင်ဆောင်လာသော ဆပ်ပြာမှုန့်ထုပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၂ ဒသမ ၉၂၆၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၆၂၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခုက္ကူ-ရေစကြို ကားလမ်းပေါ်တွင် ချက်ဒီဇယ်ဆီ ဂါလန် ၇၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကို ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၉၂၆၂၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ မတ် ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သာယာဝတီမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သာယာဝတီခရိုင် သုံးဆယ် သစ်တောကြိုးဝိုင်းအတွင်း တရားမဝင် သစ်မျိုးစုံ ၁ ဒသမ ၁၂၆၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၄၁၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၃ ဒသမ ၀၇၃၇ တန်နှင့် အဆိုပါသစ်များတင်ဆောင်လာသော သုံးဘီးမော်တော်ယာဉ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၁ ရက်၊ ၂၃ ရက်နှင့်၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၁၂၇၄၇၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



# မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း အာဆီယံဖူဆယ်ပြိုင်ပွဲအတွက် ထိုင်းနိုင်ငံ၌ ဆက်လက်လေ့ကျင့်နေ

**ရန်ကုန် မတ် ၂၄**

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းသည် ဧပြီလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ထိုင်းနိုင်ငံ၌ ဆက်လက် လေ့ကျင့်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ထိုင်းနိုင်ငံ၌ ကျင်းပမည့် နိုင်ငံတကာပြိုင်ပွဲ နှစ်ခုအတွက် မတ် ၁၂ ရက်က ထွက်ခွာသွားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသား ဖူဆယ်အသင်းသည် မတ် ၁၅ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပသည့် ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ပြီးနောက် မြန်မာနိုင်ငံသို့ပြန်မလာဘဲ ထိုင်းနိုင်ငံ၌ ဆက်လက်လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် ထိုင်းနိုင်ငံတွင် တစ်ပတ်ကျော် လေ့ကျင့်မည်ဖြစ်ပြီး ဧပြီ ၂ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် အာဆီယံ ဖူဆယ်ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ကစားသမား ၂၂ ဦး ခေါ်ဆောင်သွားပြီး အာဆီယံ ပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၁၄ ဦး ရွေးချယ်ရမည်ဖြစ်ရာ စုစုပေါင်း ရှစ်ဦး လျှော့ချရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ထိုင်းဖိတ်ခေါ်ပြိုင်ပွဲတွင် စတုတ္ထနေရာသာရခဲ့သော်လည်း အသန့်ရှင်းဆုံးအသင်းဆုနှင့် ဂိုးသမား ကျော်ထက်အောင်က ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဂိုးသမားဆုတို့ ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသား ဖူဆယ်အသင်းတွင် အဖွဲ့ခေါင်းဆောင် - ဒေါက်တာ ရဲမွန်ထွဋ်၊ အုပ်ချုပ်သူ- ဦးရဲဝင်းထွန်း၊ နည်းပြချုပ် - ဘန်လက် ချာယိုဝန် (ထိုင်း)၊ လက်ထောက်နည်းပြများ - ဦးဌေးမြင့်၊ ဦးကျော်ဇင်ညွန့်၊ ဂိုးနည်းပြ - ဦးထွန်းထွန်းလတ်၊ ကြံ့ခိုင်ရေးနည်းပြ - တာဝမ် (ထိုင်း)၊ အကြောကျွမ်းကျင် - ဦးအောင်အောင်၊ ဂိုးသမားများအဖြစ် ကျော်ထက်အောင် (MIU FC)၊ ဇွဲပြည့်စုံ (VUC FC)၊ မိုးမင်းအောင် (Myoma FC)၊ ကစားသမားများအဖြစ် ဟိန်းမင်းစိုး (MIU FC)၊ မျိုးမြင့်စိုး (VUC FC)၊ ဇော်ဝဏ္ဏ (Myoma FC)၊ ကိုကိုလွင် (MIU FC)၊ စိုင်းပြုံးအောင် (MIU FC)၊ ဝေဇင်ဦး (VUC FC)၊ ထက်မြတ်ထွန်း (M2K FC)၊ ထက်မြတ်နိုင် (Myoma FC)၊ မျိုးသက်အောင် (MIU FC)၊ ငြိမ်းမင်းစိုး (VUC FC)၊ ထွဋ်ဝေထွန်း (VUC FC)၊ ချမ်းသာ (VUC FC)၊ ထွန်းအောင်ကျော် (Dream Team FC)၊ သိုင်းဘွဲ့အောင် (M2K FC)၊ ခင်ဇော်လင်း (MIU FC)၊ ရဲမင်းခန့် (MIU FC)၊ နိုင်လင်းထွန်းကျော် (VUC FC)၊ လှိုင်မင်းထွန်း (MIU FC)၊ အောင်ဇင်ဦး (VUC FC) တို့ ပါဝင်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-Futsal Thailand**

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မတ် ၂၄**

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်နေ မစန်းစန်းမော်၊ မဝင်းသိန်း (ခ) မငယ်မနှင့် ကိုမြင့်အေး၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်နေ မနှင်းဝတ်ရည်ဝင်း (ခ) အိကြီးနှင့် မမေပုလဲ (ခ) နှင်းအိခိုင် တို့က ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်နေ မ . . . .၊ ၃၆ နှစ်နှင့် မ . . . .၊ ၂၀ နှစ်တို့ကို တရုတ်အငှားမယားအဖြစ် လုပ်ကိုင်၍ တစ်နှစ်ပေါင်းသင်းလျှင် ငွေကျပ်သိန်း ၅၀/ ၆၀ ခန့်ရမည်ဟု ပြောဆိုစည်းရုံးကာ တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ယောကျ်ားထံ ရောင်းစားရန် စီစဉ်ခဲ့သဖြင့် ဆိပ်ကြီးခနောင်တိုမြို့မ ရဲစခန်း(ပ) ၉၈/၂၀၂၀၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က) ဖြင့် အမှုရေးဖွင့်ခဲ့ပြီး တောင်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာ မတ် ၂၃ ရက်တွင် တရားခံ မစန်းစန်းမော်၊ မဝင်းသိန်း (ခ) မငယ်မ၊ ကိုမြင့်အေး၊ မနှင်းဝတ်ရည်ဝင်း (ခ) အိကြီးနှင့် မမေပုလဲ(ခ) နှင်းအိခိုင် တို့ ငါးဦးကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

ထို့အပြင် လိုင်ယွန်အသင်းမှ ကွင်းလယ်ကစားသမား တစ်ဦးဖြစ်သူ ကာပင်တာသည်ပွဲချိန် ၆၂ မိနစ်တွင် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသောကြောင့် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ ဂျူဗင်တပ်စ်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၇၁ မိနစ်တွင် ဂီရယ်လီက သွင်းယူပေးပြီး အနိုင်ဂိုးကို ပွဲချိန် ၈၃ မိနစ်တွင် ဘွန်ဖန်တီနီက သွင်းယူပေးခဲ့သည်။

အာဆင်နယ်နှင့် ဝုဖ်ဘတ်အသင်းတို့ပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ပြိုင်ဘက်ကို ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၁၉ မိနစ်တွင် ဝက်စ်မုသ်၏ ဦးဆောင်ဂိုး ခွင့်ပြုပေးခဲ့ရသည်။ အာဆင်နယ်အသင်းအတွက် ချေပဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ဝုဖ်ဘင်မို့က သွင်းယူပေးခဲ့သည်။

အမျိုးသမီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ ပွဲစဉ်ကို မတ် ၃၀ ရက်၊ ၃၁ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မြောက်ကိုရီးယား ယခုနှစ်အတွင်း (၁၁) ကြိမ်မြောက် ဒုံးကျည် စမ်းသပ်ပစ်လွှတ်

တိုကျို မတ် ၂၄

**မြောက်ကိုရီးယားသည် ပဲ့ထိန်းဒုံးကျည်ပုံစံတစ်မျိုးဟု ယူဆရသည့် ဒုံးကျည်တစ်စင်းကို ပစ်လွှတ်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။**




မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို တီဗွီဖန်သားပြင်မှတစ်ဆင့် တွေ့ရစဉ်။

အဆိုပါဒုံးကျည်သည် မတ် ၂၄ ရက်က ဟော့ကိုင်းဒိုးခရိုင်မြောက်ပိုင်း ကမ်းလွန်ပင်လယ်ထဲသို့ ကျခဲ့သည်ဟု ဂျပန်အာဏာပိုင်များက ယုံကြည်ထားသည်။ ဘရက်ဆဲလ်တွင် ကျင်းပမည့် စက်မှုထိပ်သီးနိုင်ငံများ (ဂျီ-၇) အစည်းအဝေးမတိုင်မီ မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှုကို ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါးက ရှုတ်ချလိုက်သည်။

ယခုနှစ်အစပိုင်းမှစကာ မြောက်ကိုရီးယားသည် ဒုံးကျည်များကို မကြာခဏစမ်းသပ်ပစ်လွှတ်လေ့ရှိပြီး အဆိုပါ ပစ်လွှတ်မှုများတွင် အိုင်စီဘီအမ်အမျိုးအစားသစ် ဒုံးကျည်လည်းပါဝင်သည်။ မြောက်ကိုရီးယား၏ ယခုလိုမျိုး အဆက်မပြတ်ဆောင်ရွက်မှုများသည် ဒေသတွင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ဂျပန်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသောကြောင့် လုံးဝသည်းမခံသင့်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

နောက်ဆုံး ဒုံးကျည်ပစ်လွှတ်စမ်းသပ်ခြင်းသည် သက်ဆိုင်ရာ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ချိုးဖောက်ရာရောက်ကြောင်း၊ မိမိတို့အနေဖြင့် ပြင်းထန်စွာ ဆန့်ကျင်ရမည်ဖြစ်ကြောင်းနှင့် ရှုတ်ချရမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။ ဖြစ်လာနိုင်သည့် အရေးယူပိတ်ဆို့ခြင်း အပါအဝင် နောက်ထပ်အရေးယူမှုများနှင့် ပတ်သက်ပြီး မိမိတို့အနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့်တောင်ကိုရီးယားနိုင်ငံတို့အပါအဝင် နိုင်ငံများနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားလိုက်သည်။

မြောက်ကိုရီးယား၏ ဒုံးကျည်အစီအစဉ်နှင့် ပတ်သက်ပြီး တခြား ဂျီ-၇ အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။ ဒုံးကျည်သည် ဂျပန်ပင်လယ်ထဲသို့မကျမီ ၇၁ မိနစ်ကြာ ပျံသန်းခဲ့ကြောင်း ဂျပန်အာဏာပိုင်များက ပြောသည်။ ဒုံးကျည်သည် ၁၁၀၀ ကီလိုမီတာခန့် ပျံသန်းခဲ့ပြီး အမြင့် ကီလိုမီတာ ၆၀၀၀ ကျော်အထိရောက်ရှိခဲ့သည်။ မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှုများတွင် အမြင့်ဆုံး ရောက်ရှိခဲ့သော ဒုံးကျည်ဖြစ်သည်။ ယခုပစ်လွှတ်မှုသည် ယခုနှစ်အတွင်း မြောက်ကိုရီးယား၏ (၁၁) ကြိမ်မြောက် ပစ်လွှတ်မှုဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံတောင်ပိုင်းတွင် ပျက်ကျမှုဖြစ်ပွားခဲ့သော ခရီးသည်တင်လေယာဉ်၏ အင်ဂျင်အပိုင်းအစများတွေ့ရှိ

နန်နင်း မတ် ၂၄

**ယခုသီတင်းပတ်အစောပိုင်းက တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်ရှီးတွင် ပျက်ကျမှုဖြစ်ပွားခဲ့သော ခရီးသည်တင်လေယာဉ်၏ အင်ဂျင်အပိုင်းအစများကို တွေ့ရှိခဲ့ကြောင်း အရာရှိတစ်ဦးက မတ် ၂၄ ရက်က ကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။**




လေယာဉ်အပျက်အစီး တစ်ခုကို တွေ့ရစဉ်။

လေယာဉ်ပျက်ကျသည့် ပင်မနေရာကို အတည်ပြုခဲ့ကြောင်း လေကြောင်း အာဏာပိုင်အဖွဲ့၏ လေကြောင်း လုံခြုံရေးရုံး အကြီးအကဲ ဇူတောင်က ပြောကြားခဲ့သည်။ လေယာဉ်ပျက်ကျမှု အစိတ်အပိုင်း အများစုသည် လေယာဉ်ပျက်ကျရာ ပင်မနေရာမှ ကီလိုမီတာ ၃၀ အထိ ပြန့်ကျဲလျက်ရှိကြောင်းနှင့် မြေအောက်အနက် မီတာ ၂၀ အထိ ရောက်ရှိနိုင်ကြောင်း ဇူက ပြောသည်။

သံသယဖြစ်ဖွယ် လေယာဉ်ပျက် အစိတ်အပိုင်းတစ်ခုသည် ၁ ဒသမ ၃ မီတာရှည်ပြီး အကျယ် ၁၀ စင်တီမီတာအထိ ရှိကာ အဆိုပါ အစိတ်အပိုင်းကို လေယာဉ်ပျက်ကျရာ နေရာနှင့် ၁၀ ကီလိုမီတာအကွာရှိလယ်တောထဲတွင် တွေ့ရှိခဲ့ကြောင်း ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မီးသတ်အကြီးအကဲ ဇန်ရှီက ပြောကြားခဲ့သည်။

မတ် ၂၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီအထိ လေယာဉ်ပျက်အပိုင်းအစ စုစုပေါင်း ၁၈၃ ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ ထို့အတူ လေယာဉ်စီး ခရီးသည်များ၏ ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ရာ စုံစမ်းစစ်ဆေးရေး အသင်းသို့ လွှဲအပ်လိုက်ကြောင်း ဇန်က ပြောကြားလိုက်သည်။

ခရီးသည် ၁၃၂ ဦး လိုက်ပါလာခဲ့သော ခရီးသည်တင် လေယာဉ်သည် မတ် ၂၁ ရက်က ကွမ်ရှီးတွင် ပျက်ကျခဲ့သည်။ ယခုအချိန်အထိ အသက်ရှင်သန်သူ တစ်ဦးတစ်ယောက်မှ တွေ့ရှိခြင်းမရှိသေးပေ။ လေယာဉ်၏ ဘလက်ဘောက်စ်တစ်ခုကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်။

**ဆင်ဟွာ**

# ထိုင်းနိုင်ငံ၌ စံချိန်တင် ပမာဏနီးနီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွား

ဘန်ကောက် မတ် ၂၄

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံသည် ကပ်ရောဂါမှ အစုလိုက်ကူးစက်ဖြစ်ပွားသော ရောဂါတစ်ခုအဖြစ်သို့ ပြောင်းလဲနိုင်ရေး ပြင်ဆင်နေချိန်တွင် မတ် ၂၄ ရက်က စံချိန်တင် ပမာဏနီးနီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ဖြစ်ပွားခဲ့သည်။



ထိုင်းနိုင်ငံ ဘန်ကောက်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။

ကိုဗစ်-၁၉ အခြေအနေစီမံခန့်ခွဲရေး စင်တာက လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၇၀၂၄ ဦး ရှိကြောင်း မှတ်တမ်းတင်ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃ ဒသမ ၄၅ သန်း ကျော်လွန်လာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၈၂ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၂၄၅၇၉ ဦး အထိရှိလာခဲ့သည်။

လွန်ခဲ့သော ခုနစ်ရက်အတွင်း ပျမ်းမျှနေ့စဉ် ကိုဗစ်-၁၉ ဖြစ်ပွားသူဦးရေသည် အနည်းငယ်တိုးလာခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ထိုင်းနိုင်ငံရုံး) ၏ ထုတ်ပြန်လိုက်သော အချက်အလက်များအရ သိရသည်။

ကိုဗစ်-၁၉ ပြင်းထန်စွာ ဖြစ်ပွားသူ အရေအတွက်နှင့် သေဆုံးသူအဆင့်သည် ဒယ်လ်တာကိုရိုနာဗိုင်းရပ်စ်ကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွား၊ သေဆုံးသူအဆင့်ထက် လျော့နည်းကျဆင်းခဲ့သည်။ တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုများ မြင့်တက်လာသည့်အပေါ် ကျေးဇူးတင်ရမည်ဖြစ်သည်။

မတ် ၂၃ ရက်အထိ နိုင်ငံလူဦးရေ သန်း ၇၀ နီးပါး၏ ၇၂ ဒသမ ၁ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးပေးပြီးဖြစ်ကာ ၃၂ ဒသမ ၆ ရာခိုင်နှုန်းမှာ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှု ခံယူပြီးပြီဖြစ်သည်။

ဧပြီ ၁ ရက်မှစကာ ထိုင်းနိုင်ငံသို့လာရောက်သည့် ခရီးသွားများသည် ၎င်းတို့ထွက်ခွာခြင်းမပြုမီ ၇၂ နာရီအတွင်း စစ်ဆေးထားသည့် ကိုဗစ်-၁၉ ကင်းစင်ကြောင်း စစ်ဆေးချက်အဖြေကို ပြသရန် လိုအပ်မည် မဟုတ်ကြောင်း သိရသည်။ ခရီးသွားကဏ္ဍနှင့် ပြည်တွင်းစီးပွားရေးကို တိုးတက်အောင် ကြိုးစားလုပ်ဆောင်ခြင်းအားဖြင့် ထိုသို့ပြုလုပ်ပေးလိုက်ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# အိုင်အက်စ်များနှင့် ပူးပေါင်းရန် ဝါဒမှိုင်းတိုက်သည့် သံသယဖြစ်ဖွယ် အကြမ်းဖက်သမားများကို အင်ဒိုနီးရှားရဲများက ဖမ်းဆီး

ဂျကာတာ မတ် ၂၄

အင်ဒိုနီးရှားအကြမ်းဖက် တန်ပြန်နှိမ်နင်းရေး ရဲတပ်ဖွဲ့က အိုင်အက်စ်အဖွဲ့ကို တရားမဝင် ထောက်ပံ့ပေးနေသော သံသယဖြစ်ဖွယ်အကြမ်းဖက်သမား ငါးဦးကို ဖမ်းဆီးခဲ့ကြောင်း ရဲအရာရှိတစ်ဦးက မတ် ၂၄ ရက်တွင် ပြောကြားလိုက်သည်။

သံသယဖြစ်ဖွယ်အကြမ်းဖက်သမား ငါးဦးကို နေရာလေးခုတွင် မတ် ၉ ရက်မှ ၁၅ ရက်အတွင်း ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဒန်းဆက် ၈၈ စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် အက်စ်ဝင်ဆီရီဂါက "အန်နာဂျီယာသတင်းဌာန" ကို ထိန်းချုပ်ထားသော သံသယဖြစ်ဖွယ် အကြမ်းဖက်သမား ငါးဦးကို ဖမ်းဆီးခဲ့ကြောင်းနှင့် ၎င်းတို့သည် ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် အကြမ်းဖက်ဝါဒဖြန့်ပြီး အိုင်အက်စ်များကို ကူညီခဲ့ကြောင်း ပြောသည်။

၎င်းတို့သည် ဝါဒဖြန့်သည့်သတင်းများကို လွှင့်တင်ခဲ့ကြောင်းနှင့် အဆိုပါသတင်းများက ပြည်သူများကို ဂျီဟတ်များနှင့် ဆက်သွယ်ရန် အားပေးအားမြှောက်ပြုထားကြောင်း ၎င်းက ပြောသည်။

**ဆင်ဟွာ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

❒ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ<br>သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြ

**နေပြည်တော် မတ် ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံနှင့် တာဝန်ရှိသူများသည် မတ် ၂၁ ရက်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းနှင့် တာဝန်ရှိသူများကို သွားရောက်တွေ့ဆုံပြီး မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် စစ်တွေယဉ်ကျေးမှုပြတိုက်မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြတိုက်နှင့်စာကြည့်တိုက်လုပ်ငန်းသည် ပြည်သူများကို သမိုင်းနှင့်ယဉ်ကျေးမှု အနုပညာဆိုင်ရာ ပညာပေးခြင်းနှင့် အသိပညာဆိုင်ရာ စာပေဝန်ဆောင်မှုပေးခြင်းဖြစ်ရာ မိမိတို့လုပ်ငန်းတာဝန်များကို ပိုင်နိုင်ကျွမ်းကျင်စွာ သိနားလည်စေရန် လေ့လာ၊ လေ့ကျင့်ထားကြရန် လိုကြောင်း၊ ကျောင်းသား လူငယ်များကိုလည်း သမိုင်းနှင့်ယဉ်ကျေးမှု နားလည်သိမြင်လာစေရန် ပြတိုက်များသို့ ဖိတ်ခေါ်၍ ရှင်းလင်းပြသ အသိပညာပေးမှုကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြတိုက်ခင်းကျင်းပြသရေးကို ခေတ်နှင့်ညီအောင် နှစ်စဉ်ပြင်ဆင်တိုးချဲ့သွားရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်များကို အောင်မြင်အောင် စုပေါင်းညီညွတ်စွာဖြင့် ပူးပေါင်းအကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ ဆွေးနွေးတင်ပြချက်များကို ဖြည့်ဆည်းပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် စစ်တွေယဉ်ကျေးမှုပြတိုက်အတွင်း လှည့်လည်ကြည့်ရှု၍ အမြင်မတင့်တယ်တော့သည့် ခင်းကျင်းပြသမှုများ ပြန်လည်ပြုပြင်ခင်းကျင်းရန်၊ သမိုင်းကြောင်းမှန်ကန်စွာ အသိပညာပေးရန်၊ ဒေသအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်မှုနှင့် ဒြပ်မဲ့ယဉ်ကျေးမှုများကို ပေါ်လွင်အောင်နှင့် စုံလင်အောင်ပြသရန်၊ ရိုးရာပွဲလမ်းများကိုပါ လူငယ်များ သိရှိနားလည် ထိန်းသိမ်းလိုအောင် ပြည့်ပြည့်စုံစုံရေးသားဖော်ပြသွားရန်၊ ရခိုင်ယဉ်ကျေးမှုခေတ်အလိုက် ကဟန်များကို သုတေသနပြုလေ့လာဖော်ထုတ်ကြရန်၊ ပြတိုက်ပညာရပ်ကို လေ့လာရင်း ဝန်ထမ်းငယ်များကိုလည်း အဆင့်ဆင့်လေ့ကျင့် ပညာပေးပျိုးထောင်ရန်၊ မြောက်ဦးဒေသ၏ ထူးခြားထင်ရှားသော အမွေအနှစ်များကို ခင်းကျင်းပြသရန်၊ အေဒီ (၁၆)ရာစုက တည်ခဲ့သော မြောက်ဦးမြို့၏ ကာကွယ်ရေးစနစ်နှင့် ရေအသုံးချမှုကို အခြေခံသော မြို့တည်စနစ်ကို ပေါ်လွင်အောင် ခင်းကျင်းပြသသွားရန် မှာကြားသည်။

ထို့နောက် ဗုဒ္ဓပြတိုက်သို့ သွားရောက်၍ ခေတ်နှင့်လျော်ညီအောင် ပြန်လည်ခင်းကျင်းမှုကို နှစ်အလိုက် ခွဲခြားလျာထားဆောင်ရွက်ရန်၊ အဆောက်အအုံပိုင်းကြံ့ခိုင်စေရန်သာမက ဥပဓိရုပ်ကောင်းအောင်ပါ ပြုပြင်မွမ်းမံသွားရန်၊ စိတ်ဝင်စားဖွယ်လေ့လာချင်စရာ ပြတိုက်ဖြစ်အောင် စွမ်းဆောင်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုန်တိုင်းအန္တရာယ်ကြောင့် ခေတ္တရပ်ဆိုင်းခဲ့သော အခြေခံပညာအဆင့်စာမေးပွဲများ ဆက်လက်ဖြေဆို

**ချောင်းသာ မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့တွင် ခေတ္တရပ်ဆိုင်းခဲ့သော အခြေခံပညာအဆင့်စာမေးပွဲများ မတ် ၂၅ ရက်တွင် ဆက်လက်ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း လတ်တလောဖြစ်ပေါ်ခဲ့သော မုန်တိုင်းအန္တရာယ်ကြောင့် မတ် ၂၂ ရက်က ဖြေဆိုနေဆဲ အခြေခံပညာအဆင့် စာမေးပွဲများ ခေတ္တရပ်ဆိုင်းခဲ့ရပြီး လာမည့် မတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖြေဆိုရန်ကျန်ရှိသည့် ဘာသာရပ်နှစ်ခုအား ယခင်ဖြေဆိုခဲ့သည့် အချိန်များအတိုင်း ဆက်လက်ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

ယမန်နေ့က အခြေခံပညာအဆင့် စာမေးပွဲများ ဆက်လက်ကျင်းပမည့် ကျောင်းများသို့ မြို့စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကွင်းဆင်းကြည့်ရှုပြီး ကျောင်းတာဝန်ခံဆရာ ဆရာမများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## ရေချိုးတာရေး နည်းလမ်းများ

- ဆပ်ပြာတိုက်နေစဉ်အတွင်း ရေပန်းကို ဖွင့်မထားပါနှင့်။ ရေကိုမြန်မြန်ချိုးပြီး၊ ဆပ်ပြာတိုက်နေစဉ် သို့မဟုတ် ခေါင်းလျှော်နေစဉ် ပိုက်ခေါင်းပိတ်ထားပါ။
- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

# မတ် ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆၁ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၂၈ ဦးရှိ

(၂၄-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၂၄၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၆၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၁၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၅၆၀,၈၈၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၀,၁၇၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၆၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၆၆,၈၃၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၂၈) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၄-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၄၀) ခု | (၁၃၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၃) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၂၆) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၇) ခု | (၇) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၇၉) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၇၀) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၄၉၉) ခု | (၈၈) ဦး |
| စုစုပေါင်း | (၁၂,၂၄၄) ခု | (၂၆၁) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်လျက်ရှိပါသည်။
- နိုင်ငံတကာတွင် သုတေသနပြုလေ့လာချက်များအရလည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းအားဖြင့် ရောဂါဝင်ရောက်ကူးစက်နိုင်မှုကို ၅ ဆ အထက်၊ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုကို ၁၀ ဆ အထက်၊ ရောဂါကြောင့်သေဆုံးရမှုကို ၁၀ ဆ အထက် လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရာတွင် ရေရှည်အတွက် အကောင်းဆုံးနည်းလမ်းမှာ ရည်မှန်းဦးတည်အုပ်စုများအားလုံး ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် မပျက်မကွက် ထိုးနှံမှုခံယူထားခြင်းပင် ဖြစ်ပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သည့် မိဘပြည်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများအပါအဝင် ဦးတည်အုပ်စုအားလုံးကို ရာနှုန်းပြည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပေးနိုင်ရေးကို အရှိန်အဟုန်မြှင့်တင် အလေးထားဆောင်ရွက်လျက်ရှိပါ၍ ကာကွယ်ဆေးမထိုးနှံရသေးသော မိဘပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်ပြီး ဦးတည်အုပ်စုအားလုံး ရာနှုန်းပြည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးရေးကို အလေးထား၍ တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၄ - ၃ - ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၅၂၇၃၂၉ | ၆၃၆၂၃၁၆၆ | ၁၀၀၁၁၇၅ |
| ၂။ | အိန္ဒိယ | ၄၃၀၁၄၆၈၇ | ၄၂၄၇၅၅၈၈ | ၅၁၆၇၀၃ |
| ၃။ | ဘရာဇီး | ၂၉၇၂၉၉၉၁ | ၂၈၃၆၃၉၆၆ | ၆၅၈၀၆၇ |
| ၄။ | ပြင်သစ် | ၂၄၄၈၇၆၇၆ | ၂၂၈၁၇၀၀၁ | ၁၄၁၃၁၉ |
| ၅။ | ဗြိတိန် | ၂၀၅၁၅၉၉၈ | ၁၈၇၃၀၅၆၇ | ၁၆၄၁၂၃ |
| ၆။ | ဂျာမနီ | ၁၉၄၃၆၁၂၇ | ၁၅၃၂၉၀၀၀ | ၁၂၈၁၉၆ |
| ၇။ | ရုရှား | ၁၇၆၉၀၀၀၈ | ၁၆၄၈၃၈၉၈ | ၃၆၆၂၂၀ |
| ၈။ | တူရကီ | ၁၄၇၄၃၄၃၇ | ၁၄၃၈၅၂၆၄ | ၉၇၅၂၁ |
| ၉။ | အီတလီ | ၁၄၀၇၀၄၅၀ | ၁၂၆၈၅၃၀၆ | ၁၅၈၂၅၄ |
| ၁၀။ | စပိန် | ၁၁၃၇၈၇၈၄ | ၁၀၇၀၇၁၆၉ | ၁၀၂၀၅၃ |

## ၂၄-၃-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၈၄၇၉၇၅၁ | ၄၆၆၁၂၇၀ | ၄၂၀၇၅ |
| အင်ဒိုနီးရှား | ၅၉၈၆၈၃၀ | ၅၆၇၆၅၁၀ | ၁၅၄၃၄၃ |
| မလေးရှား | ၄၀၅၄၉၂၆ | ၃၇၇၁၄၆၃ | ၃၄၆၀၀ |
| ဖိလစ်ပိုင် | ၃၆၇၅၈၂၁ | ၃၅၇၂၄၇၇ | ၅၈၇၇၁ |
| ထိုင်း | ၃၄၅၀၉၈၀ | ၃၁၈၆၀၅၂ | ၂၄၅၈၂ |
| စင်ကာပူ | ၁၀၄၄၆၆၁ | ၁၀၀၉၄၀၈ | ၁၂၂၀ |
| မြန်မာ | ၆၁၀၁၇၆ | ၅၆၆၈၃၈ | ၁၉၄၂၈ |
| လာအို | ၁၅၉၀၄၇ | ၁၅၁၁၆၃ | ၆၅၂ |
| ကမ္ဘောဒီးယား | ၁၃၅၂၈၅ | ၁၃၁၂၁၆ | ၃၀၅၄ |
| ဘရူနိုင်း | ၁၂၉၀၈၁ | ၁၁၈၉၈၀ | ၂၀၀ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
အိမ်တွင်သာ
နေပါ

# ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/ လုပ်ငန်းများ

*ယမန်နေ့မှအဆက်*

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၄၆ | အလင်းတန်း- အိုးစည်ဒိုးပတ် | မြောင်းတကာစံပြကျေးရွာ၊ ပြည်လမ်းမကြီး၊ မှော်ဘီမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၇ | အောင်ဇော်ဗိုလ် (သား) ဇော်ဝင်းဗိုလ် | ဘုရားလမ်း၊ ဘန်ဘွေးကုန်းအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၈ | ချစ်သဲမောင် နတ်သဘင် | မြို့မ (၁) ရပ်ကွက်၊ ကုန်းမြင့်သာယာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၉ | မဟာရန်ကုန် ကိုကိုချစ် မင်္ဂလာဆိုင်း | မြို့မ (၁) ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅၀ | စိုးသူဗိုလ်မင်္ဂလာဆိုင်း | တိုက် (၇)၊ အခန်း (၅၀)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅၁ | ရဲညီနောင် နတ်ဆိုင်း | အမှတ် (၆၂၆)၊ ဖြူဟ္မစိုရ်လမ်း၊ (၅၅) ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅၂ | သန်းသန်းစိုး ကန္နားစီးဒေဝါ | ဘုရားလမ်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅၃ | အချိန်တန်အမှန်-ဒေဝူး နတ်သဘင်အဖွဲ့ | စွယ်တော်လမ်း၊ ရခိုင်ရိုးလေးကျေးရွာ၊ ထန်းတပင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅၄ | မြို့တော်သန့်ဇင်အောင် ဇာတ်မာန် | (၁၅၅) ရပ်ကွက်၊ ရတနာ (၂) လမ်း၊ ဒဂုံအရှေ့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅၅ | ဟားတော်ဝင်စတား လူ့ရွှင်တော် | အမှတ် (၁၉၀)၊ မင်းရဲကျော်စွာလမ်း၊ (၃) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅၆ | ဂရိတ်သျှန်းစိုးအောင် | ဗိုလ်အောင်ကျော်(၃)လမ်း၊ ထန်းတပင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး |
| ၅၇ | ခရမ်းကြည်ကြည်မာ အငြိမ့် | အသောက (၁) လမ်း၊ ကုန်းတလဘောင်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅၈ | စောမောင်မောင် ကန္နားစီးဒေဝါ | ဂေါ်ညောင်ကုန်းလမ်း၊ ဆင်ဖြူရှင်ရပ်ကွက်၊ ဥက္ကံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅၉ | ဦးမြင့်သန်း ကန္နားစီး ဒေဝါ | အမှတ် (၁) ရပ်ကွက်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၀ | မောင်မောင် ကန္နားစီးဒေဝါ | နီလာလမ်း၊အနော်ရထာရပ်ကွက်၊ဥက္ကံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး |
| ၆၁ | ဟိဏ်းထက်အောင် အိုး/ဒိုး | (၂၂) ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၂ | ချားရဟတ် အပျော်စီးလှေ | အမှတ် (၂၀၄)၊ မြတ်လေးနွယ် (၂) လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၃ | ချားရဟတ် အပျော်စီးလှေ | အမှတ် (၂၀၆)၊ မြတ်လေးနွယ် (၂) လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၄ | စိန်တင့်ဗိုလ်-စိုင်းထက်အောင် မင်္ဂလာဆိုင်း | (၂) လမ်း၊ အိုးတန်းရပ်ကွက်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၅ | ဒဂုံမင်း မာယာလုလင်-ပဒေသာ | ၂၀၁၊ (၈၇) ရပ်ကွက်၊ သဒ္ဒါလမ်း၊ ဒဂုံဆိပ်ကမ်း၊ရန်ကုန်တိုင်းဒေသကြီး |
| ၆၆ | ပြည်ကျော် ပင်လယ်ဓားပြ ပျော့ပျော့အိအိချားရဟတ် | အမှတ် (၈၇)၊ ဝိသာခါလမ်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၇ | နုနုအောင် ကန္နားစီးဒေဝါ | မင်္ဂလာရွာသစ် (၂) လမ်း၊ (၈) ရပ်ကွက်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၈ | ဒေါ်သန်းအေး ကန္နားစီးဒေဝါ | အမှတ် (၁၀၂၂)၊ ဖွံ့ဖြိုးရေးလမ်း၊ ရဲစုကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၆၉ | ဖွဲသစ် အိုးစည်ဒိုးပတ် | စိန်လေး (၄) လမ်း၊ အိုးတန်းရပ်ကွက်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၇၀ | ရွှေမန်းချမ်းသာ ဇာတ် | အမှတ် (၁၁/ ဒီ)၊ မြဝတ်ရည်လမ်းသွယ်၊ အေဝမ်းလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၇၁ | ဟားစတိုင်လ် လူ့ရွှင်တော်အဖွဲ့ | အမှတ် (၁၂၄/ က)၊ ပညာတန်ဆောင် (၁) လမ်း၊ (၄၃) ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်တိုင်းဒေသကြီး |
| ၇၂ | သက်ပိုင်ခင် ကန္နားစီးဒေဝါ | စိန်ကြီး (၂) လမ်း၊ အိုးတန်းရပ်ကွက်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၇၃ | ရတနာမင်း ကျောက်ဆည်ရိုးရာ ဆင်အက | အမှတ် (၅၉)၊ (၁-က) ရပ်ကွက်၊ သမာဓိလမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၇၄ | မျိုးမျိုးအောင် ကန္နားစီးဒေဝါ | ဒေါနလမ်း၊ ဥပ္ပံ့စုရပ်ကွက်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေး အစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေး တာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲသို့ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများ စတင်ထုတ်ပေးလျက်ရှိ

**နိုင်ငံတစ်ဝန်းရှိ မြို့နယ်များတွင် ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်မှ ဧပြီ ၉ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ဖြေဆိုမည့်ကျောင်းသား ကျောင်းသူများအား ဖြေဆိုခွင့်ကတ်ပြားများကို ယနေ့နံနက်ပိုင်းမှစ၍ ထုတ်ပေးနေပြီဖြစ်ကြောင်း သိရသည်။**



## မင်းလှ

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးခြင်းကို မတ် ၂၄ ရက် နံနက်ပိုင်းက သက်ဆိုင်ရာစာစစ်ဌာနများ၌ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ဘာသာတွဲအလိုက် သတ်မှတ်ထားသော အရောင်များဖြင့် စာမေးပွဲဖြေဆိုချိန်မတိုင်မီအထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဖြေဆိုခွင့်ကတ်ထုတ်ယူရာတွင် အတွင်းဖြေကျောင်းသား ကျောင်းသူများက မိမိတို့၏ ကျောင်းအုပ်ကြီးများထံတွင် ထုတ်ယူနိုင်ပြီး အပြင်ဖြေကျောင်းသား ကျောင်းသူများက မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံတွင် ထုတ်ယူရမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၃၁ ရက်မှ ဧပြီ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မင်းလှမြို့တွင် စာမေးပွဲဖြေဆိုကျင်းပရန် အ.ထ.က မင်းလှ(မြို့တွင်း) ၊အ.ထ.က မင်းလှ(မြို့ပြင်)နှင့် အ.ထ.က စစ်ကွင်းစာစစ်ဌာနတို့ စီစဉ်ထားရှိပြီး စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူပေါင်း ၇၉၂ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ပေါက်စ( မင်းလှ)**

## ချောက်

ချောက်မြို့နယ်တွင် တက္ကသိုလ်ဝင်စာစစ်ဌာနများအဖြစ် ချောက်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကြီးနီ၊ ဂွေးချို၊ ဂွေးပင်၊ ကြောင်လျာတော၊ ကျောက်ရဲ၊ စလေတို့ရှိ အခြေခံပညာအထက်တန်း ကျောင်းများ အပါအဝင် စာစစ်ဌာန ခုနစ်ခု ဖွင့်လှစ်ထားရှိသွားမည်ဖြစ်သည်။ ချောက်မြို့နယ်အနေဖြင့် ကျောင်းတွင်းဖြေဆိုမည့်သူ ၅၄၂ ဦး ရှိပြီး အတွဲ(၁) ဖြေဆိုမည့်သူ ၃၆၈ ဦး၊ အတွဲ(၂) ဖြေဆိုမည့်သူ ၁၀ ဦး၊ အတွဲ(၇) ဖြေဆိုမည့်သူ ၁၆၄ ဦးဖြစ်ပြီး ပြင်ပဖြေဆိုမည့်သူ ၄၈၉ ဦးတွင် အတွဲ(၁) ဖြေဆိုမည့်သူ ၃၈၉ ဦး၊အတွဲ(၂)ဖြေဆိုမည့်သူ ရှစ်ဦး၊ အတွဲ(၇) ဖြေဆိုမည့်သူ ၉၂ ဦးဖြစ်ကာ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၃၁ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## ကြို့ပင်ကောက်

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို မတ် ၂၄ ရက်မှစ၍ သက်ဆိုင်ရာ စာစစ်ဌာနများတွင် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်များအား ဘာသာတွဲ (၁)နှင့်(၇)အား အစိမ်းရောင်၊ ဘာသာတွဲ(၂)အား ပန်းရောင်တို့ဖြင့် သတ်မှတ်ထားသောအရောင်များဖြင့် စာမေးပွဲဖြေဆိုရက်မတိုင်မီအထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဖြေဆိုခွင့်ကတ်ထုတ်ယူရာတွင် အတွင်းဖြေကျောင်းသား ကျောင်းသူများသည် မိမိတို့၏ကျောင်းအုပ်ကြီးများထံတွင် ထုတ်ယူရမည်ဖြစ်ပြီး အပြင်ဖြေကျောင်းသား ကျောင်းသူများသည် မိမိတို့ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူရမည်ဖြစ်ကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့တွင် အထက(ကြို့ပင်ကောက်) စာစစ်ဌာန၊ အထက(ပန်းတင်) စာစစ် ဌာန၊ အထက(ရွှေပန်းတော) စာစစ်ဌာနနှင့် အထက(လယ်တီ)စာစစ်ဌာနဟူ၍ စာစစ်ဌာနလေးခု ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းထားသူ ဘာသာ တွဲ(၁)တွင် ၅၂၂ ဦး၊ ဘာသာတွဲ(၂)တွင် ၂၀၂ ဦးနှင့် ဘာသာတွဲ(၇)တွင် ၆၂ ဦး စုစုပေါင်း ၇၈၆ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ကျောက်တံခါး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို မြို့နယ်အတွင်းရှိ စာစစ်ဌာနအသီးသီးတွင် ယနေ့နံနက် ၉ နာရီမှစတင်၍ လာရောက်ထုတ်ယူလျက်ရှိကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ်တွင် တက္ကသိုလ်ဝင် စာစစ်ဌာနများအဖြစ် အခြေခံပညာအထက်တန်းကျောင်း (ကျောက်တံခါး)၊ အခြေခံပညာအထက်တန်းကျောင်း(ပဲနွယ်ကုန်း)၊ အခြေခံပညာအထက်တန်းကျောင်း (တောကျွဲအင်း)၊ အခြေခံပညာအထက်တန်းကျောင်း(ဖဒို)၊ အခြေခံပညာအထက်တန်းကျောင်း(မြို့ချောင်း) အပါအဝင် စာစစ်ဌာန ငါးခု ဖွင့်လှစ်ထားရှိသွားမည်ဖြစ်သည်။

ကျောက်တံခါးမြို့နယ်အနေဖြင့် ကျောင်းတွင်းဖြေဆိုသူ ၁၂၅၇ ဦးတွင် အတွဲ (၁) ဖြေဆိုသူ ၆၉၄ ဦး၊ အတွဲ (၂) ဖြေဆိုသူ ၂၈၆ ဦး၊ အတွဲ (၇) ဖြေဆိုသူ ၂၇၇ ဦး၊ ပြင်ပဖြေဆိုသူ ၃၁၀ တွင် အတွဲ (၁) ဖြေဆိုသူ ၁၉၂ ဦး၊အတွဲ(၂) ဖြေဆိုသူ ၅၇ ဦး၊ အတွဲ (၇) ဖြေဆိုသူ ၆၁ ဦးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **စန်းစန်း(ပြန်/ဆက်)**



**မန္တလေးမြို့ အောင်မြေသာစံမြို့နယ်တွင် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် စာဖြေဌာနများဖြစ်ကြသည့် အမှတ်(၁)၊ အမှတ်(၄)၊ အမှတ်(၈)၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းများနှင့် အကျဉ်းဦးစီးဌာနများသို့ မတ် ၂၄ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ခိုင် ဦးဆောင်သောတပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးစဉ်။** ဇော်လင်းဦး (အောင်စံ)

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက (တောင်ကလေး) သတ္တမတန်းမှ မရတနာမွန်၏ ဖခင်အမည်မှန်မှာ ဦးမင်းထွေး(ခ)ဦးသန်းဇော်မျိုး ၁၄/ပတန (နိုင်)၁၇၂၃၀၁ ဖြစ်ပါကြောင်း။

**ဦးမင်းထွေး(ခ)ဦးသန်းဇော်မျိုး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်အန်း ၁၃/တကန (နိုင်)၃၄၇၂၃၉၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၄၄၉၉၁၂၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/7630, SUZUKI CARRY Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးညီညီအောင် ၁၂/ကမတ(နိုင်)၀၀၇၆၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်ရောင်းချခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာ၊ လုံးချင်းတိုက်အမှတ်(၁၇)၏ မူလအမည်ပေါက် ဗိုလ်မှူးရန်အောင်(ငြိမ်း) ၁၂/စခန(နိုင်) ၁၀၅၆၀၅ထံမှ ဦးကျော်ဆန်းထွန်း ၁၂/ကမရ(နိုင်)၀၂၂၁၁၉က ပြန်လည်ဝယ်ယူခဲ့ပြီးဌာနမှ ထုတ်ပေးထားသည့် ဗိုလ်မှူးရန်အောင် အမည်ပေါက် အိမ်ပေါ်တက်ရောက် နေထိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာမူရင်းနှင့် မြေနှင့်အိမ်တန်ဘိုးများ ပေးသွင်းထားသည့် ငွေသွင်းချလန်မူရင်းတို့ပျောက်ဆုံးဖြင့် ဦးဇော်ဇော်ထွန်း ၁/မကန(နိုင်)၀၄၁၇၉၇ထံသို့ ထပ်မံရောင်းချခဲ့သဖြင့် ဝယ်ယူထားကြောင်း အထောက်အထားများဖြင့် ဦးဇော်ဇော်ထွန်းမှ ယင်းမြေကွက်အတွက် မြေဂရန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အမည်ပြောင်း

ဗန်းမော်မြို့၊ အထက (၂) Grade-6 (A)မှ မောင်ခွန်ဆိုင်းအောင်အား မောင်ယိန်းချန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ယိန်းချန်း**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ယုယုထွေး ၁၃/ဖခန (နိုင်)၀၇၁၅၈၀၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၂၄၃၈၄၁၆**

## (၁၁-၃-၂၀၂၂)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးစိုင်းအုံးခေါင်(ခ) ဦးစိုင်းတင့်ဆွေ ၁၃/ကတန(နိုင်) ၁၁၈၂၉၇၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးလှမြင့် (မင်းတုန်း) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၅) နှင့် ဦးဇော်လတ် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၉၀၃၈)တို့၏ ကြော်ငြာချက်အပေါ် အများသိစေရန်ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဒ္ဒဿနလမ်း၊ သုမင်္ဂလာအိမ်ရာ၊ အမှတ်(၆)တွင် နေထိုင်သည့် ဒေါ်မြမြဝင်း ၁၃/တကန(နိုင်) ၀၀၃၆၉၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄+၂၆)၊ လူနေရပ်ကွက်အမှတ်(သုမင်္ဂလာအိမ်ရာ-၂)၊ သုဒ္ဒဿနလမ်း၊ မြေကွက်အမှတ် ၇၈၊ ဧရိယာ(၀ဒသမ၂၀၆)ကေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆)၊ သုဒ္ဒဿန လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဂရန်အမည်ပေါက် ဦးထက်ညီ ၁၂/ကမရ(နိုင်)၀၄၁၄၃၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြမြဝင်း ၁၃/တကန(နိုင်)၀၀၃၆၉၉က (၁၁-၂-၂၀၁၅)ရက်ကတည်းက အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက် ရရှိခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ကျွန်ုပ်၏မိတ်ဆွေသည် ၎င်း၏မောင်နှမဝမ်းကွဲတော်စပ်သူ ဦးကျော်ခင် ၁၃/တကန(နိုင်) ၀၁၃၈၁၉အား အမည်ပေါက် ဦးထက်ညီထံမှ ရရှိသည့် အထူးကိုယ်စားလှယ်လွှဲစာမူရင်းနှင့် ဂရန်မူရင်းတို့ကို ယုံကြည်စွာအပ်နှံထားခဲ့ပါသည်။ ဦးကျော်ခင်မှ ယုံကြည်စွာအပ်နှံထားသည့် အထူးကိုယ်စားလှယ်လွှဲစာနှင့် ဂရန်မူရင်းတို့ကို ဦးစိုင်းအုံးခေါင်(ခ) ဦးစိုင်းတင့်ဆွေ ထံပေါင်နှံ၍ ၎င်း၏ကိုယ်ကျိုးအတွက် သုံးစွဲခဲ့ခြင်းသာဖြစ်ပါသည်။ ဦးကျော်ခင် ဝယ်ယူပိုင်ဆိုင်ခဲ့ခြင်းမရှိသည့် အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံကို ဦးကျော်ခင်မှ ဦးစိုင်းအုံးခေါင်(ခ)ဦးစိုင်းတင့်ဆွေထံသို့ ရောင်းချပိုင်ခွင့် မရှိကြောင်း အသိပေးရှင်းလင်း အများသိစေအပ်ပါသည်။ (၁၁-၃-၂၀၂၂)ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဦးစိုင်းအုံးခေါင်(ခ)ဦးစိုင်းတင့်ဆွေသည် ၎င်းဝယ်ယူထားသည့် ခုနှစ်၊ လ၊ ရက်တို့ကို ဖော်ပြထားခြင်းမရှိပါ။ ကျွန်ုပ်၏မိတ်ဆွေမှ ၂၀၁၅ ခုနှစ်ကတည်းက မှန်မှန်ကန်ကန် ဝယ်ယူနေထိုင်ခဲ့ခြင်း အပေါ်တရားမဝင်ကျူးကျော်ဝင်ရောက်ထားကြောင်း ဖော်ပြကြေညာခဲ့ခြင်းမှာ မှားယွင်းစွာဖော်ပြခဲ့ခြင်းသာဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေအပေါ်များစွာ ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းစေရန် (၁၁-၃-၂၀၂၂) ရက်စွဲပါ ထည့်သွင်းကြော်ငြာထားချက်အား ပြန်လည်ရုပ်သိမ်းပေးပါရန် အတိအလင်း အသိပေးတောင်းဆိုလိုက်ပါသည်။ မမှန်မကန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ(LL.B, D.B.L,D.M.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၆၅)**
**အမှတ်(၉/၁၁)၊ အခန်း(၁၀၂-အေ)၊ ပထမထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၃၀၅၀**

## အများသိစေရန်ကြေညာခြင်း

ကျောက်ပန်းတောင်းမြို့နယ်၊ ဆုံကုန်းကျေးရွာနေ ဦးတင်မောင်အေး ၉/ကပတ (နိုင်)၀၃၅၅၅၉ပိုင်ဆိုင်သည့် ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ မြေတိုင်းအမှတ်(မ/၂၂၂)၊ အလျား(၇၅)ပေ၊ အနံ(၅၁)ပေရှိ မြေကွက်မှာ စလစ်မူရင်း ပျောက်ဆုံးသွားပါ၍ စလစ်အသစ်ပြန်လည် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတင်မောင်အေး**
**ဆုံကုန်းကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊**
**ဖုန်း-၀၉-၄၄၂၂၂၁၁၇၂**

## ဦးကျော်ကျော် ၉/ကပတ(နိုင်) ၁၄၈၄၃၈နှင့် အများကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာအဆင့်မြင့်ဈေးအနီး၊ သီရိကျော်စွာလမ်း၊ အမှတ်(A-09)တွင် ဖွင့်လှစ်ထား သော နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ဇမ္ဗူသီရိဘဏ်ခွဲ)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာအဆင့်မြင့်ဈေးအနီး၊ သီရိကျော်စွာလမ်း၊ အမှတ်(A-09)တွင်ဖွင့်လှစ်ထားသော နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်(ဇမ္ဗူသီရိဘဏ်ခွဲ)၌ ဦးသက်နိုင် ၉/လဝန(နိုင်)၁၆၂၁၁၄၊ ဇနီးဒေါ်မိုမိုတင် ၉/ပမန(နိုင်)၂၁၁၄၂၅နှင့် ဦးကျော်ကျော် ၉/ကပတ(နိုင်)၁၄၈၄၃၈တို့သည် ဦးသက်နိုင် အမည်ပေါက် ပိုင်ဆိုင်သည့် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ရွှေလီလမ်း၊ မြေကွက်အမှတ်(၇၀၉)၏ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများအား အပေါင်အာမခံအ ဖြစ်တင်သွင်း၍ ငွေချေးယူခဲ့ပါသည်။

ဦးသက်နိုင်နှင့် ဒေါ်မိုမိုတင်တို့သည်အမည်တွင်သည့် ဂရန်မြေနှင့် အဆိုပါမြေပေါ်ရှိ အဆောက်အအုံတို့အား အပေါင်အာမခံပြု၍ ချေးယူထားသော ချေးငွေအရင်းအတိုးများကို (၂၄-၃-၂၀၂၂)ရက်တွင် ပြေကြေစွာပေးဆပ်ခဲ့ပါသည်။ ထို့နောက် ဦးသက်နိုင်နှင့် ဒေါ်မိုမိုတင်တို့သည် အပ်နှံထားသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းများ ပြန်လည်ထုတ်ယူရန် လျှောက်ထားလာရာ ဦးကျော်ကျော်နှင့် ကန့်ကွက်လိုသူတို့သည် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်တို့၏ ဘဏ်သို့ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဟန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၀၈/၈၅)**
**အမှတ်-၁၄/၈၅၊ စိုက်ပျိုးသိပ္ပံကျောင်းလမ်း၊ မစိုးရိမ်အရှေ့ရပ်ကွက်၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၂၁၇၃၆၄၉၊ ၀၉-၈၃၀၀၆၃၆**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/9494 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/48243, HONDA C90 Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလွင် ၅/ရဘန(နိုင်)၀၁၀၄၅၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နီလင်း ၂/လကန(နိုင်) ၁၀၉၁၅၉၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၉၅၅၀၈၈၇**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မောနီကာပုလဲဝင်း ၂/လကန(နိုင်) ၁၁၅၀၅၀၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၇၂၉၈၃၈၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6M/6713, SOJEN P/U (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးလီကျန်ချောက် ၁၃/ကခန(နိုင်)၀၆၇၈၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခိုင်ဇင်ဦး ၁၃/ဖခန (နိုင်)၀၈၁၈၉၃၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၈၅၅၃၆၆၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/1433, Mitsubishi Delica Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းချစ်လွင် ၉/မရတ(နိုင်)၀၇၅၄၆၀က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း

ပဲခူးခရိုင်၊ ဝေါမြို့၊ မင်းလမ်း ကန်တော်ရပ်ကွက်၊ ကွင်းအမှတ် (TL-၁၀)၊ ဘိုးဘုံရပ်၊ ဦးပိုင်အမှတ် (ဖ/၂)၊ ဧရိယာ ၀ဒသမ ၀၂၇ကေရှိ ဘိုးဘပိုင်မြေကွက်အား ဦးလှမင်းသူ ၇/ဝမန(နိုင်)၀၀၁၇၁၉၊ ဒေါ်ဥမ္မာဝင်း ၇/ဝမန(နိုင်)၁၀၂၅၈၇တို့မှ အမည်ပြောင်း လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် ကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးလှမင်းသူ-ဒေါ်ဥမ္မာဝင်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိုးကုတ်မြို့နယ်၊ မြို့မရပ်ကွက်အုပ်စု၊ စည်ပင်သာယာရပ်နေ ဒေါ်ဆူမေဒါးဒေဝီ(ခ) ဒေါ်စန်းစန်းဌေး၏သား၊ မောင်အောင်ကျော်ဇင် ၉/မကန(နိုင်)၁၆၄၉၆၉သည် မိခင်၏ဆိုဆုံးမစကားကို နားထောင်ခြင်းမရှိသည့်အပြင် မိခင်ဖြစ်သူအား စိတ်ဆင်းရဲ အောင် ပြုလုပ်သောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်တို့အား တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ဆူမေဒါးဒေဝီ(ခ)ဒေါ်စန်းစန်းဌေး**

# သက်ဆိုင်သူများနှင့်တကွ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေဘုံသာလမ်း(အလယ်ဘလောက်)၊ ရွှေဘုံသာကွန်ဒို မီနီယံ၊ တိုက်အမှတ်(၁၁၆/၁၂၂)၊ အခန်းအမှတ်(၁၁/အေ+ဘီ)တွင် ကုမ္ပဏီရုံးခန်းဖွင့်လှစ် တည်ထောင်ထားသော LUCKY DIAMONDS MYANMAR CO.,LTD ( LUCKY DIAMONDS MYANMAR DIAMOND & JEWELLERY WHOLESALE & RETAIL နှင့် LUCKY DIAMONDS MYANMAR စိန်တိုက်)၏ကိုယ်စား CHAIRMAN ဦးဝင်းသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့်တကွ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

LUCKY DIAMONDS MYANMAR CO.,LTD ( LUCKY DIAMONDS MYANMAR DIAMOND & JEWELLERY WHOLESALE & RETAIL နှင့် LUCKY DIAMONDS MYANMAR စိန်တိုက်)သည် လွန်ခဲ့သော နှစ်ပေါင်း(၂၀)ကတည်းက ရန်ကုန်မြို့တွင် AZ REAL DIAMOND CO.,LTD အမည်ဖြင့် တရားဝင်ကုမ္ပဏီ ဖွင့်လှစ်တည်ထောင်၍ စိန်လက်လီလက်ကား ရောင်းချခြင်းလုပ်ငန်းကို ဂုဏ်သိက္ခာပြည့်ဝ မှန်ကန်စွာဖြင့် တည်ထောင်လုပ်ကိုင်လာခဲ့ပြီး ယခုအချိန်အထိ " စိန်ဆိုင်ကြီးများရဲ့ လက်ကားဒိုင် မြန်မာပြည်မှာ အတန်ဆုံးစိန်ဆိုင်" ဟူသော ဆောင်ပုဒ်နှင့်အညီ အရည်အသွေးပြည့်မှီ စစ်မှန်ပြည့်ဝသော LUCKY DIAMONDS MYANMAR စိန်တိုက် အမှတ်(၁) (၂) တို့ကို ဖွင့်လှစ်လျက် အများပြည်သူသို့ စစ်မှန်သောပစ္စည်း ထိုက်တန်သော ဈေးနှုန်းများဖြင့် အရောင်း/အလဲ မှန်ကန်စွာ ဝန်ဆောင်မှုပေးရောင်းချလျက်ရှိပါသည်။

ထို့အပြင် LUCKY DIAMONDS MYANMAR Facebook Page လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့်လည်း နာမည်ကြီး အနုပညာရှင်များ၊ စိန်ရွှေလက်ဝတ်ရတနာ ပန်းတိမ်လုပ်ငန်းအကြောင်းကို နားလည် သိရှိတတ်ကျွမ်းသည့် Social influencer များကို ဖိတ်ခေါ်၍လည်းကောင်း နေ့စဉ် Live Sales ထုတ်လွှင့်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းတွင် ထုတ်လွှင့်တင်ဆက်ရောင်းချလျက်လည်းရှိပါသည်။

LUCKY DIAMONDS MYANMAR CO.,LTD ၏ ကောင်းသောဂုဏ်သတင်းဖြင့် အောင်မြင်စွာလုပ်ငန်း တိုးတက်လုပ်ကိုင် ဆောင်ရွက်လာနိုင်ခြင်းအပေါ်တွင် ယခင်ကကုမ္ပဏီနှင့်လက်တွဲ၍ LUCKY DIAMONDS MYANMAR စိန်တိုက်၏ Live Sales များတွင် ပါဝင်တင်ဆက်ရောင်းချပေးခဲ့သည့် Social Influencer တစ်ဦးနှင့် ၎င်း၏ Facebook Page Admin များ၊ We Love Group ၏ Admin များ...အစရှိသူတို့မှ ၎င်းနှင့်ကုမ္ပဏီတို့ Telecommunication အရ နှစ်ဦးနှစ်ဖက် ရှေ့ဆက်လက်တွဲဆောင်ရွက်ကြရန် သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့် လက်တွဲဖြုတ်ခဲ့ပြီးနောက်တွင် LUCKY DIAMONDS MYANMAR စိန်တိုက်၏ ကောင်းသတင်း ကျော်ဇော ပျံ့လွှင့်မှုနှင့် ဖြစ်ထွန်းလျက်ရှိသော အကျိုးစီးပွားပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ LUCKY DIAMONDS MYANMAR CO.,LTD ဒါရိုက်တာအဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ ၎င်းတို့ထုတ်လွှင့်လျက်ရှိသည့် အခြားသော Live Sales ရောင်းချမှုများတွင် LUCKY DIAMONDS MYANMAR စိန်တိုက်ကို မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်း၊ မမှန် သတင်းဖြန့်ဝေခြင်း၊ လူပုဂ္ဂိုလ်များ၏ ဓာတ်ပုံများကိုဖော်ပြ၍ပင် ရိုင်းစိုင်းသောစကားလုံးများဖြင့် မှတ်ချက်ပြုပြောဆိုခြင်း၊ ပြက်ရယ်ပြုခြင်း၊ ရိုင်းစိုင်းစော်ကားခြင်း၊ လုပ်ငန်း၏ မှန်ကန်တိကျစွာဖော်ပြထားသော သတင်းအချက်အလက်များကို ပြင်ဆင်ဖော်ပြခြင်း၊ We Love Group တွင် Account အတု Followers များ၏ သံယောင်လိုက်စွပ်စွဲပြောဆိုမှုများကို Group Admin များမှ စိစစ်ဖြုတ်ချခြင်းမပြုဘဲ ပြောဆိုရေးသားခွင့်ပြုထားခြင်းတို့ နေ့စဉ်ရက်ဆက် ထုတ်လွှင့်ရေးသားဖော်ပြလျက်ရှိကြပါသည်။ အထက်ဖော်ပြပါအတိုင်း ပြုမူပြောဆိုဆောင်ရွက်သူ၊ ဆောင်ရွက်စေရန်စေခိုင်းသူ၊ ခွင့်ပြုပေးသူများ၏ အသေးစိတ်ကိုယ်ရေးအချက်အလက်များကိုလည်း သက်သေခံ မှတ်တမ်း မှတ်ရာများနှင့်တကွ အတိအကျလက်ဝယ် ရရှိထားပြီးလည်းဖြစ်ပါသည်။

LUCKY DIAMONDS MYANMAR စိန်တိုက်သည် ထိုက်တန်သော အခကြေးငွေများပေးအပ်ငှားရမ်း၍ ယခင်လက်တွဲ လုပ်ဆောင်ခဲ့ဖူးသည့် Social Influencer နှင့်လည်း (၅-၃-၂၀၂၂) နေ့မှစ၍ ထုတ်လွှင့်ရောင်းချခြင်းမရှိတော့သည်မှာ ယနေ့တိုင်ဖြစ်ပြီး စိန်တိုက်ပိုင်ရှင်များ၊ စိန်တိုက်အရောင်းဝန်ထမ်းများဖြင့်လည်းကောင်း၊ အနုပညာရှင်၊ အတတ်ပညာရှင်များ၊ မော်ဒယ်လ်များ Celebrity များ၊ သဘောထားဖြောင့်မတ်တည်ကြည်၍ LUCKY DIAMONDS MYANMAR စိန်တိုက်နှင့် အကျိုးတူလက်တွဲဆောင်ရွက်၍ရသည့် အခြား(အခြား)သော မည်သည့် Social Influencer များနှင့်မဆို ဆက်လက်လက်တွဲသွားမည်ဖြစ်ပြီး Live Sales ထုတ်လွှင့်ရောင်းချခြင်းများကို ဆက်လက်ပြုလုပ်ရောင်းချသွားမည်ဖြစ်ပါသည်။

LUCKY DIAMONDS MYANMAR CO.,LTD (LUCKY DIAMONDS MYANMAR DIAMOND & JEWELLERY WHOLESALE & RETAIL နှင့် LUCKY DIAMONDS MYANMAR စိန်တိုက်)နှင့်ပတ်သက်၍ အထက်ပါကဲ့သို့ ပြုမူရေးသားပြောဆိုခြင်းမျိုးတို့ကို ဆောင်ရွက်ခဲ့ပါက ပြုလုပ်ဆောင်ရွက်သူမည်သူ့ကိုမဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို (၁၁-၁၂-၂၀၂၀)နေ့စွဲပါ ကြေးမုံ သတင်းစာ၊ စာမျက်နှာ-၂၉ တွင် အများသိစေရန် အသိပေးကြေညာချက်အဖြစ် ထည့်သွင်းကြေညာပါရှိခဲ့ပြီး ပန်းဘဲတန်းမြို့နယ်၊ ပန်းဘဲတန်းမြို့မရဲစခန်း၊ မြို့နယ်မှူးထံသို့ လိပ်မူ၍လည်း သတင်းကြော်ငြာပါ အချက်အလက်များအရ ပထမအကြိမ် အသိပေး အကြောင်းကြားတင်ပြခဲ့ပြီးလည်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ Facebook လူမှုကွန်ရက်စာမျက်နှာတွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူနှင့် ၎င်း၏ကုမ္ပဏီဖြစ်သည့် LUCKY DIAMONDS MYANMAR CO.,LTD (LUCKY DIAMONDS MYANMAR DIAMOND & JEWELLERY WHOLESALE & RETAIL နှင့် LUCKY DIAMONDS MYANMAR စိန်တိုက်)၏ ကောင်းမွန်သောဂုဏ်သတင်းကို ပျက်စီးကျဆင်းစေရန် ရည်ရွယ်ရေးသားခြင်း၊ ထုတ်လွှင့်ပြောဆိုတင်ပြခြင်းတို့ကို ပြုလုပ်ထားကြသည့် Social Influencer နှင့် ၎င်း၏ Page Admin များ၊ We Love Group Admin များနှင့်တကွ ရေးသားပြောဆိုသူ သက်ဆိုင်သူများအားလုံးတို့သည် ယခုကြော်ငြာပါသည့်ရက်မှစ၍ မိမိတို့မှ LUCKY DIAMONDS MYANMAR စိန်တိုက်နှင့်ပတ်သက်ပြီး ရိုင်းပျစွာ သိက္ခာမဲ့ပြောဆိုရေးသားထားသည့် စကားရပ်များအားလုံးကို Social Media Network လူမှု ကွန်ရက်စာမျက်နှာများပေါ်မှ အမြန်ဆုံးပြန်လည်ပယ်ဖျက်ပေးရန် တောင်းဆိုလိုက်ပါသည်။

ယခုသက်ဆိုင်သူများနှင့်တကွ အများသိစေရန် အသိပေးကြေညာချက်အပေါ် လိုက်နာပြုမူဆောင်ရွက်ခြင်းမရှိဘဲ LUCKY DIAMONDS MYANMAR CO., LTD, (LUCKY DIAMONDS MYANMAR DIAMOND & JEWELLERY WHOLESALE & RETAIL နှင့် LUCKY DIAMONDS MYANMAR စိန်တိုက် ) ဒါရိုက်တာအဖွဲ့ဝင် ပိုင်ရှင်များနှင့်တကွ ကုမ္ပဏီဝန်ထမ်းများ၊ စိန်တိုက်အရောင်းဝန်ထမ်းများအပေါ် အပျက်သဘောဆောင်၍ ဂုဏ်သိက္ခာကျဆင်းစေရန် ဆက်လက်၍ လူမှုကွန်ရက်စာမျက်နှာ Facebook ပေါ်တွင် ဆက်လက်ဆောင်ရွက်ခဲ့မည်ဆိုပါက မိမိတို့ရေးသားပြောဆိုဆောင်ရွက်မှုများ၏ ကုမ္ပဏီအပေါ်တွင်ထိခိုက်နစ်နာဆုံးရှုံးမှုအဝဝတို့ကို အပြည့်အဝတာဝန်ယူ ဖြေရှင်းပေးရမည်ဖြစ်ကြောင်းနှင့် ထိုသို့ ပြုလုပ်ဆောင်ရွက်သူ Social Influencer နှင့်တကွ မည်သူ့ကိုမဆို ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်းကို အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**LUCKY DIAMONDS MYANMAR CO., LTD ( LUCKY DIAMONDS MYANMAR**
**DIAMOND & JEWELLERY WHOLESALE & RETAIL နှင့် LUCKY DIAMONDS MYANMAR စိန်တိုက်)**
**ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်အေးသီတာမော် (LL.B , D.B.L)** — **(တရားလွှတ်တော်ရှေ့နေ ) ( စဉ်-၈၄၂၉/၁၂ )**

**ဒေါ်မေသဇင်ဖူး(LL.B, LL.M)** — **(တရားလွှတ်တော်ရှေ့နေ) ( စဉ်-၁၅၇၃၃/၁၉ )**

**THAN THAN WIN & ASSOCIATES (LAW FIRM)**
**အမှတ်( ၉၉/၁၀၁ )၊ ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့်၊ ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၆၅ ဆူ | ၅၉၅ ဆူ |
| ၂။ | ခမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်9R/9710 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်7F/8220 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/4415, Nissan Atlas AKR81L Van(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်ငြိမ်းထွေး ၁၂/ဒဂမ(နိုင်)၀၁၄၆၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ကြော်ငြာစာ
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၄၃၁(စ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ်ထုတ်ဆင့်သည့်ကြော်ငြာစာ
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊တရားမအထွေထွေမှုအမှတ်-၄၇

WHITE GROUP PUBLIC COMPANY LIMITED လျှောက်ထားသူ
(Representative Office)
(၎င်းကုမ္ပဏီ၏ ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ မန်နေဂျာ ဒေါ်ပွင့်သစ္စာခိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၃၉)၊ အခန်းအမှတ်(၀၅-၀၂)၊ ဆာကူရာတာဝါ (၅)လွှာတွင် ဖွင့်လှစ်ထားသည့်WHITE GROUP PUBLIC COMPANY LIMITED (Representative Office)(၎င်းကုမ္ပဏီ၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ မန်နေဂျာ ဒေါ်ပွင့်သစ္စာခိုင်)က ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၄၃၁(စ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ယင်းကုမ္ပဏီနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့မှ နည်းလမ်းတကျလွှဲအပ်ထားသည့် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အဆိုပါကင်းလွတ်ခွင့်အား ရသင့်/မရသင့်ကို ၂၀၂၂ခုနှစ် ဧပြီ ၇ ရက် (၁၃၈၃ခုနှစ် တန်ခူးလဆန်း ၇ရက်) နံနက် ၁၀နာရီတွင် ကြားနာ၍ ကင်းလွတ်ခွင့်ပြုသင့်မသင့်ကို စီရင်ဆုံးဖြတ်မည်ဖြစ်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထုတ်ဆင့်လိုက်သည်။ကန့်ကွက်သူတစ်ဦးတစ်ယောက်မှ မရှိပါက အဆိုပါလျှောက်ထားချက်များအား စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါ သည်။

၂၀၂၂ခုနှစ် မတ်လ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်နီနီအေး)**
**ဒုတိယခရိုင်တရားသူကြီး(၁၅)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ နှင်းဆီ (၂)လမ်းနှင့် ငွေလမ်းသွယ် (၁)လမ်းထောင့်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၂၊ မြေကွက်အမှတ် -၄၈၉/၂၂၂၊ အကျယ်အဝန်း (အလျား ၄၉၀.၄၈၇ပေxအနံ ၂၄၈.၂၅၀ပေ)၊ ဧရိယာ ၂ဒသမ၈၈ဧ၊ ၁၂၂၀၀ စတုရန်းပေရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဒေါ်ကိုးဆွေ၄/ပလဝ(နိုင်)၀၃၃၁၇၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **ဒေါ်ခိုင်ငြိမ်းဆွေ (LL.B)** | **ဒေါ်မေဝင်းမော် (LL.B)** | **ဒေါ်တင်မျိုးအေး (LL.B)** |
| **စဉ်-၁၁၄၄၅/၂၀၁၆** | **စဉ်-၁၃၇၂၈/၂၀၁၇** | **စဉ်-၄၈၆၁၆/၂၀၁၇** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **ဖုန်း-၀၉-၄၂၀၀၂၉၃၇၃** | **ဖုန်း-၀၉-၄၄၈၀၂၀၀၄၃** | **ဖုန်း-၀၉-၂၆၄၈၅၉၂၉၃** |

**အမှတ် -၄၀၅၊ (၆)လမ်း၊ အပိုင်း (၃)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ (၇)ရပ်ကွက်၊ ရွှေစင်(၃)လမ်း၊ မြေကွက်အမှတ် (၁၉၇/က)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဒေါ်မေနှင်းရွှေ (MUN- ၀၆၆၈၀၃) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နှင်းနှင်းလွင် (၁၂/ရကန (နိုင်) ၀၂၅၂၄၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်း အထောက်အထား မူရင်း များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**Hein Htet San Law Firm**

**ဦးအောင်ကျော်လှိုင်**
LL.B.
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
၀၉၅၅၀၆၁၄၆၊ ၀၉၄၂၁၇၄၆၉၇၄

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ (၉)လမ်း၊ တိုက်အမှတ်-၁၀၂၂(က) (ပထမထပ်)၊ အကျယ်အဝန်း (၁၈'x၅၅')ပေရှိ တိုက်ခန်းနှင့်တကွ တပ်ဆင်ဆက်သွယ်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရောင်းချသူ ဒေါ်မြင့်သန်း ၁၂/ဥကတ(နိုင်)၁၀၉၆၁၄မှ မိမိသာလျှင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၂၇)**
**အမှတ် (၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၇၈၃၅၃၅၀၀၃**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မာန်ပြေ(၃)ရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၂၂၅)တွင် ဖွင့်လှစ်ထားသည့် M.H.E Co.,Ltd၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းဖြစ်သူ ဦးသန့်ဇော်ဦး(ဘ)ဦးနေမျိုး ၁၂/ဥကတ(နိုင်)၁၆၃၂၆၇သည် ကုမ္ပဏီမှ ချမှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ကုမ္ပဏီ၏ငွေကြေးများကို အကြိမ်ကြိမ် အလွဲသုံးစားပြုခြင်း၊ ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်နေသူများထံမှ ကုမ္ပဏီ၏အမည်ကို အလွဲသုံးစားပြုလုပ်၍ ငွေကြေးလိမ်လည်တောင်းခံခြင်းများကို စစ်ဆေးတွေ့ရှိရပါသဖြင့် (၂၁-၃-၂၀၂၂)ရက်မှစ၍ ကုမ္ပဏီမှ ဝန်ထမ်းအဖြစ်ထုတ်ပယ်လိုက်ပြီး ဖြစ်ပါသည်။

ကုမ္ပဏီအနေဖြင့် ၎င်းအလွဲသုံးစားမှု ပြုလုပ်ခဲ့မှုအပေါ် တည်ဆဲဥပဒေများအရ အရေးယူအပြစ်ပေးရန် ဆက်လက်ဆောင်ရွက်လျက်ရှိနေပြီး နောက်နောင် ဦးသန့်ဇော်ဦးအနေဖြင့်ဆောင်ရွက်လုပ်ဆောင်မှုအားလုံးကို ကုမ္ပဏီအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးထွန်းထွန်းအေး**
**အထက်တန်းရှေ့နေ(စဉ်-၂၀၆၅၄)**
**အမှတ်(၃က/၅အေ)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၁၆၄၅၅၆၊ ၀၉-၅၁၇၃၆၅၃**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
## ရှမ်းပြည်နယ်တရားလွှတ်တော်
## ၂၀၂၁ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ်-၁၆

| | | |
|---|---|---|
| ဦးလှိုင်မင်းသိန်း | နှင့် | ၁။ ဒေါ်အေးအေးခိုင် |
| | | ၂။ ဒေါ်အမာစိန် |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

**၂၀၂၁ခုနှစ် ဇူလိုင် ၁၂ရက်နေ့စွဲပါ**
**ကျောက်မဲခရိုင် တရားရုံးတော်မှ တရားမအယူခံမှုအမှတ် ၁/၂၀၂၀ ကိုအယူခံမှု**

အယူခံတရားပြိုင်အမှတ်(၁)(ယခင်လိပ်စာ)မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ နောင်ချိုမြို့ (ယခုနေရပ်လိပ်စာမသိ)နေ ဒေါ်အေးအေးခိုင်နှင့် အယူခံတရားပြိုင်အမှတ် (၂) (ယခင်လိပ်စာ) မြန်မာ့ စီးပွားရေးဘဏ်ခွဲ၊ ပြင်ဦးလွင်မြို့(ယခုနေရပ်လိပ်စာမသိ)နေ ဒေါ်အမာစိန် (မန်နေဂျာ) သိစေရမည်။

ယခုအမှုတွင် ကျောက်မဲခရိုင် တရားရုံးတော်က ချပေးသည့် ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၂ခုနှစ်၊ မတ်လ ၃၀ရက်(၁၃၈၃ခုနှစ် တပေါင်းလကွယ်)နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၂ခုနှစ် မတ်လ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်သူအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်- ၂၀၊ နည်းဥပဒေ -၂၂)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် -၈၇နှင့် ဆက်နွယ်သည့် ၂၀၂၁ ခုနှစ် တရားမဇာရီမှုအမှတ် -၃၈

| | | |
|---|---|---|
| ဦးတင်ရွှေ | နှင့် | ၁။ ဦးငယ်လေး |
| (၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ | | ၂။ မငြိမ်းငြိမ်း |
| ဦးတင်နိုင်ထွန်း) | | ၃။ ဦးစံမြင့် |
| | | ၄။ ဒေါ်နွဲ့ရီ |
| | | ၅။ ဗိုက်ကလေး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ပဲခူးမြို့၊ ဥသ္သာမြို့သစ်၊ ရပ်ကွက်ကြီး (၈)၊ မြေတိုင်း (၂၃/ခ)ရပ်ကွက်၊ အမှတ် (၁၄၂၁)နေ ဦးငယ်လေး၊ မငြိမ်းငြိမ်း၊ ဦးစံမြင့်၊ ဒေါ်နွဲ့ရီ၊ ဗိုက်ကလေး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် - ၈၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဧပြီ ၂၁ရက် (၁၃၈၄ ခုနှစ် တန်ခူးလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် မတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်ဝါဝါသိန်း)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ပဲခူးခရိုင်တရားရုံး**

## အစည်းအဝေးအကြောင်းကြားစာ
## (မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ပုဒ်မ ၁၁၆(c) (၂)အရ)

GZ Myanmar Co.,Ltd. သည် မတည်ငွေရင်းလျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်-

**အစည်းအဝေးကျင်းပမည့်ရက်** - ၂၀၂၂ ခုနှစ် မတ် ၃၀ရက်
**အစည်းအဝေးကျင်းပမည့်နေရာ** - အမှတ် ၁၂၊ ဩဘာလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့
**အစည်းအဝေးကျင်းပမည့်အချိန်** - နံနက် ၁၀ နာရီ

**GZ Myanmar Co.,Ltd.**
**ဖုန်း-၀၉-၄၅၈၂၈၅၀၉၃**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာ၊ ကွင်း/အကွက်အမှတ်-၆/မုံတဝမြောက်ရပ်၊ ဦးပိုင်အမှတ်(၂၇၅)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဦးဘုန်းမြင့် ၁၂/သဃက(နိုင်)၀၆၄၉၃၅ပိုင်ဆိုင်သောမြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးနေပါ၍ အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက အထောက်အထားစုံလင်စွာဖြင့် (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘုန်းမြင့်(ဖုန်း-၀၉-၂၅၀၆၉၀၆၆၇)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ နီလာလမ်း၊ အိမ်အမှတ် (၃၀၉)နေ ဦးစိုင်းဇွမ်မှိုင်း(ခ)စိုင်းစွမ်မှိုင်း ၁၃/မပန(နိုင်)၀၁၉၉၃၅၏ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဘွဲ့လက်မှတ်တွင် ဦးစိုင်းဇွမ်မှိုင်းဖြစ်ပြီး မှတ်ပုံတင်နှင့်အိမ်ထောင်စုဇယားတွင် ဦးစိုင်းစွမ်မှိုင်းဖြစ်နေပါသဖြင့် ဦးစိုင်းဇွမ်မှိုင်းနှင့် ဦးစိုင်းစွမ်မှိုင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/9232, Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအောင်ထွန်း ၁၃/လလန(နိုင်)၀၅၃၂၁၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(တောင်ကြီး)**

## MEIA FURNISHINGS (MYANMAR) Co.,Ltd
## အစုရှယ်ယာရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၂ ခုနှစ် မတ် ၁၁ရက်နေ့ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ MEIA FURNISHINGS (MYANMAR) Co.,Ltd. အား ၂၀၂၂ ခုနှစ် မတ် ၁၁ရက်မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စုဝေထွေး (B.Com (Q), CPA)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ် ဧပြီ ၂၅ ရက် နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒါရိုက်တာ** — **MEIA FURNISHINGS (MYANMAR) Co.,Ltd.**

**ဒေါ်စုဝေထွေး**
**(B.Com (Q), CPA)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၁၅၈)ရပ်ကွက်၊ အမှတ် (၃၁၆)၊ အလျား ၄၀၊ အနံပေ ၆၀ ပါမစ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအောင်မျိုးဦး ၁၂/ဒဂတ(နိုင်) ၁၀၆၃၆၄ ထံမှ ကျွန်တော် ဦးဝင်းကိုကိုအောင် ၁၂/ဥကတ(နိုင်)၁၇၁၂၉၃မှ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းကိုကိုအောင်**
**ဖုန်း-၀၉-၂၆၃၇၉၃၄၅၄**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် -၅၆၀နှင့် ဆက်နွယ်သည့် ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၁၁၄

| | | |
|---|---|---|
| ဦးမြင့်သိန်း | နှင့် | ဦးအောင်ထွဋ်မိုး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

အထက်ပါအမှုမှ တရားရှုံး ဦးအောင်ထွဋ်မိုး အမှတ် (၁၆၁)၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် -၅၆၀ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမြင့်သိန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဧပြီ ၁၉ရက် (၁၃၈၄ ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ ခုနှစ် မတ် ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီခိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၁၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ အမှတ်(၂၈၆)ဟုခေါ်တွင်သော မြေကွက်အား ဦးဇေယျာမျိုး ၆/ကသန (နိုင်) ၀၃၆၆၄၃နှင့် ဒေါ်မေဇွန်ရတနာမျိုး ၁၂/တမန(နိုင်)၁၁၁၁၇၈တို့က ဝယ်ယူပိုင်ဆိုင်ထားသည့် ပါမစ်မြေ ပေ (၄၀ x ၆၀)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးကို ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်မ ဒေါ်ခင်ဦးမေ ၁/မကန(နိုင်)၀၅၇၅၇၂က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဦးမေ ၁/မကန(နိုင်)၀၅၇၅၇၂**
**(ဖုန်း-၀၉-၄၃၀၉၃၄၇၈)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အောင်မေတ္တာ (၄)လမ်း၊ အိမ်အမှတ် (၉၉)၊ ငါးလွှာ (ဒါဘာ)ဟုခေါ်တွင်သော အကျယ်အဝန်း ၁၆ပေ၊ ပေ ၄၀ရှိ တိုက်ခန်းကို ကန်ထရိုက်ဆီမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်ဝင်းဝင်းဖြိုး ၁/မညန(နိုင်) ၀၉၁၅၇၄ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ရက် ၂၀ အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအပ်ပါ သည်။

**နော်တာမလာဆြီး**
**အမှတ် ၄၅/၄၆၊ အောင်မေတ္တာ ၂လမ်း၊ ၂ ရပ်ကွက်၊ မရမ်းကုန်း**
**ဖုန်း-၀၉-၉၇၅၄၀၆၇၆၃**

## လင်မယားအဖြစ်မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ဦးကျော်သိန်းမင်း(ဘ) ဦးသန်းထွန်း ၁၂/မဂဒ(နိုင်)၀၀၂၃၉၄နှင့် ဒေါ်ဥမ္မာနှင်းနှင်းရွှေ(ဘ)ဦးကြင်ရွှေ ၁၃/တကန(နိုင်)၀၁၄၇၁၄တို့သည် (၁၅-၁၂-၂၀၀၀)ရက်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် တရားရုံးတော်၌ ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာကို သက်သေများရှေ့မှောက် လက်မှတ်ရေးထိုး၍ ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။

(၂၀၁၅)ခုနှစ်မှစတင်၍ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်းမတိုက်ဆိုင်ပါသဖြင့် ယနေ့အထိ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ခြင်းမရှိကြပါ။ ထို့ကြောင့် ဒေါ်ဥမ္မာနှင်းနှင်းရွှေသည် ဦးကျော်သိန်းမင်း၏ ဇနီးအဖြစ် လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**(ဆက်သွယ်မေးမြန်းခြင်းသည်းခံပါ။)**
**ဦးကျော်သိန်းမင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၂၂/၁၃-၁၀-၉၈)**
**အမှတ်(၃၁-ဃ)၊ နယ်မြေ(၇)၊ ဝန်ကြီးလမ်းခွဲ(၂)၊ ရေအေးကွင်းရပ်ကွက်၊**
**တောင်ကြီးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ဖက်ဒရယ်ဆိုတာဟာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က (၁)နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် မတ် ၂၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

## အမျိုးသမီးချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များယှဉ်ပြိုင် အာဆင်နယ်သရေကျပြီး ဂျူဗင်တပ်စ်အသင်း အနိုင်ရရှိခဲ့

အမျိုးသမီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ ပွဲစဉ်မှ ဂျူဗင်တပ်စ်နှင့် လိုင်ယွန်အသင်း၊ အာဆင်နယ်နှင့် ဝုဖ်ဘတ်အသင်းတို့ပွဲစဉ်ကို မတ် ၂၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဂျူဗင်တပ်စ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အာဆင်နယ်နှင့် ဝုဖ်ဘတ်အသင်းတို့ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။




ဂျူဗင်တပ်စ်နှင့် လိုင်ယွန်အသင်းတို့ပွဲစဉ်တွင် လိုင်ယွန်အသင်းသည် ပွဲချိန် ရှစ်မိနစ်တွင် မာကာရီယို၏ ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသောကြောင့် ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ●

*ယနေ့ သတင်းအညွှန်း*

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ** ပြည်တွင်းသတင်း စာ - ၁၁

**အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်** ပြည်တွင်းသတင်း စာ - ၁၂

**မတ် ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆၁ ဦး တွေ့ရှိ** ပြည်တွင်းသတင်း စာ - ၁၅